# တံပ်အွဲ့ရ်ပိုန်လောတ်ကပိုန်တအောင်း

## News & Information Department

PSLF/ T_N_L_A
pmapmift rSvf- 04^2017
arv -2017 ckEf

## EkH tm;0Dwnf;uf

(က) တအောင်းတစ်မျိုးသားလုံးအဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေး

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အာမခံသည့် တအောင်းပြည်နယ် တည်ဆောက်ရေး

(ဂ) အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး



မစ္စတာဆွန်ကော့ရှန်နှင့် တိုင်းရင်းသားလက်နက်ကိုင်(၄)ဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုများအပေါ် ဧရာဝတီ သတင်းဌာနမှ TNLA-ဒုဥက္ကဌ ဗိုလ်မှူးချုပ် တာဂျုတ်ဂျားနှင့် ဆက်သွယ်မေးမြန်းမှု

>>>> စာမျက်နှာ ၁၄ သို့

“NCA လမ်းကြောင်းတခုတည်းပဲ သွားမယ်ဆိုရင်တော့ ခက်ခဲဦးမယ်” ဗိုလ်မှူး တားပါင်လနှင့် မေးမြန်းခန်း

>>>> စာမျက်နှာ ၁၆ သို့

မူးယစ်ဆေးဝါးနှင့် နိုင်ငံရေးအာဏာ

မိုင်းနောရှိန်း

>>>> စာမျက်နှာ ၁၉ သို့

# အယ်ဒီတာ့အာဘော်

မြန်မာ့တပ်မတော်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကထားပြီး ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်နေသည်ဟု ဆိုသော်လည်း လက်တွေ့တွင် တိုင်းရင်းသားအဖွဲ့တွေအပေါ် မူအမျိုးမျိုးချကာ ခွဲခြားဆက်ဆံခြင်း၊ ပြည်တွင်းစစ်သက်ဆိုးရှည်စေရန် လုပ်ဆောင်ခြင်းနှင့် တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ ဆက်ရှိနေသေးသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်ဆဲရေး စာချုပ်ဆွေးနွေးရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် အလုပ်မဖြစ်နိုင်သည့် တပ်မတော်မူ(၆)ချက်အား စွဲကိုင်ထားပြီး အများကလက်မခံနိုင်သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက် အတင်းဝင်ရောက်စေခိုင်းခြင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအပေါ် ခွဲခြားဆက်ဆံခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာပြည်မြောက်ပိုင်း ဒေသတွင် ဖြစ်ပွားနေသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမည် မဟုတ်ဘဲ တပ်မတော်မှ တိုက်ထုတ်သွားမည်ဟု စစ်ရေးစကား ပြောဆိုကာ စစ်သည်အင်အား အများအပြား ထပ်မံစေလွှတ်ထားပြီး တိုက်ပွဲ ပိုမိုကြီးထွားစေရန် တမင်ဖန်တီး လာသည်။ မိမိတို့တိုင်းရင်းသား ဒေသများတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးမျိုးကျူးလွန်သည့် လုပ်ရပ်များလည်း အဆက်မပြတ် ပြုလုပ်ခဲ့ပါသည်။ ပြည်သူလူထုအား ဖမ်းဆီးရိုက်နှက်ရုံမျှမက ပြောင်ပြောင်တင်းတင်း ပစ်သတ်လာသည်လည်း ရှိလာသည်။

ပြည်သူများ၏ အသက်အိုးအိမ် စားဝတ်နေရေး ထိခိုက်စေရန်အတွက် မြေမြှုပ်မိုင်း ထောင်ခြင်း၊ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပြည်သူနေထိုင်ရာနေရာနှင့် လုပ်ကိုင်စားသောက်ရန် သွားလာသည့်နေရာများအား မကြာခဏဆိုသလို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မှုပြုလုပ်ကာ ပြည်သူများ အသက်ဆုံးရှုံးရရုံသာမက စီးပွားဥစ္စာ အိုးအိမ်များပါ ဆုံးရှုံးခဲ့ရသည်။ ရံဖန်ရံခါ ပြည်ပကျူးကျော်စစ်သဖွယ် လေကြောင်းအသုံးပြုကာ ပြည်သူလူထုအား ဦးတည်တိုက်ခိုက်ခြင်းမျိုးလည်းရှိခဲ့သည်။ မြန်မာ့တပ်မတော်သည် ယင်းတို့ပြုလုပ်သည့် လုပ်ရပ်များကို အောက်ခြေပြည်သူများ သိနေလျှက်နှင့်ပင် တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်ဖြစ်သည်ဟု သတင်းမီဒီယာများ၌ ပြောင်လိမ်ရေးသားကြသေးသည်။ ထိုသို့သော အခြေအနေ အဖြစ်အပျက်များသည် မြန်မာ့တပ်မတော်၏ ငြိမ်းချမ်းရေးလိုလားမှု မရှိသည့် လက္ခဏာ၊ တိုင်းရင်းသားပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဦးတည်တိုက်ခိုက်နေသည့် လက္ခဏာရှိပြီး အကြမ်းဖက်သည့် လုပ်ဆောင်ချက်များ ရှိနေသေးကြောင်း ရေးသား တင်ပြလိုက်ပါသည်။


၁)စာစောင် မျက်နှာဖုံး (စာမျက်နှာ ၁)

၂)ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအစည်းဝေးနှင့်ပတ်သက်၍ "ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ"၏ ထုတ်ပြန်ချက် (စာမျက်နှာ ၃)

၃)တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ အပြင်းအထန်တိုက်ပွဲဖြစ်ပွား (စာမျက်နှာ ၄)

၄)တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော် တိုက်ပွဲ (၂)ကြိမ် ထပ်မံဖြစ်ပွား မြန်မာ့တပ်မတော်ဘက်မှ (၁၀)ဦးကျော် ကျဆုံး (စာမျက်နှာ ၄)

၅)တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲ (၃)နေရာဖြစ်ပွား (စာမျက်နှာ ၅)

၆)တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော် ယနေ့တိုက်ပွဲ (၂)ကြိမ် ထပ်မံဖြစ်ပွား (စာမျက်နှာ ၅)

၇)တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တိုက်ပွဲ (၄)ကြိမ် ထပ်မံဖြစ်ပွား (စာမျက်နှာ ၆)

၈)တအာင်းဒေသ တိုက်ပွဲဆက်လက်ပြင်းထန် ယနေ့တိုက်ပွဲ(၄)ကြိမ်ဖြစ်ပွား မြန်မာ့တပ်မတော် လေကြောင်းဖြင့်အသုံးပြုတိုက်ခိုက် (စာမျက်နှာ ၆)

၉)တအာင်းဒေသ ယနေ့တိုက်ပွဲ(၄)ကြိမ်ဖြစ်ပွါး မေလအတွင်း (၂၁)ကြိမ်နှစ်ဖက်ထိတွေ့ တိုက်ခိုက်မှုဖြစ် (စာမျက်နှာ ၆)

၁၀)TNLA နှင့် RCSSတပ်ဖွဲ့ တိုက်ပွဲ(၂)ရက်ဆက်တိုက် တိုက်ပွဲဖြစ်ပွား (စာမျက်နှာ ၇)

၁၁)တအာင်းတပ်မတော်နှင့် မြန်မာ့တပ်တို့တိုက်ပွဲဆက်လက်ဖြစ်ပွား (စာမျက်နှာ ၈)

၁၂)တအာင်းတပ်မတော်နှင့် RCSSတပ်ဖွဲ့ တစ်ကျော့ပြန် တိုက်ပွဲပြန်လည်ဖြစ်ပွား (စာမျက်နှာ ၈)

၁၃)မူးယစ်ဆေးဝါးနှင့် နိုင်ငံရေးအာဏာ (စာမျက်နှာ ၉)

၁၄)တပ်မ(၈၈)တပ်ဖွဲ့မှ အပြစ်မဲ့ဒေသခံတစ်ဦးအား ညှင်းပန်းနှိပ်စက်ရာမှ ဒဏ်ရာပြင်းထန်စွာရရှိ (စာမျက်နှာ ၁၀)

၁၅)တပ်မ(၈၈)တပ်ဖွဲ့မှ ရည်ရွယ်ချက်ဖြင့်ပစ်ခတ်သောကြောင့် အမျိုးသမီး(၃)ဦး ဒဏ်ရာပြင်းထန်ရရှိ (စာမျက်နှာ ၁၀)

၁၆)မြန်မာ့တပ်မတော် တပ်မ(၈၈)တပ်ဖွဲ့မှပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့်နေအိမ် တစ်လုံးထိမှန်ပျက်ဆီး (စာမျက်နှာ ၁၁)

၁၇)RCSS/SSAတပ်ဖွဲ့မှ ဒေသခံပြည်သူများထံ အတင်းအဓမ္မဆက်ကြေးကောက်ခံပြီးခြံစိုက်ခင်းနှင့် တောင်ယာတဲများမွှေနှောက်၍ ရိက္ခာများခိုးယူစားသောက် (စာမျက်နှာ ၁၁)

၁၈)RCSSတပ်ဖွဲ့မှ အပြစ်မဲ့ရွာသားတစ်ဦးအား အကြောင်းမဲ့ညှင်းပန်းနှိပ်စက် (စာမျက်နှာ ၁၂)

၁၉)တအာင်းဒေသအတွင်း RCSSမှ လူ့အခွင့်အရေးချိုးဖောက်မှုများ (စာမျက်နှာ ၁၂)

၂၀)ကျောက်မဲမြို့သို့စစ်ဘေးဒုက္ခသည်များရောက်ရှိ (စာမျက်နှာ ၁၃)

၂၁)ပန်ဆေးရွာဘုန်းကြီးကျောင်း တအာင်းစာပေယဉ်ကျေးမှု သင်တန်းဆင်းပွဲနှင့်တအာင်းစာ ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား (စာမျက်နှာ ၁၃)

၂၂) TNLA ၊ ဒုဥက္ကဋ္ဌ ဗိုလ်မှူးချုပ် တာဂျုတ်ဂျားနှင့် မေးမြန်းခန်း (စာမျက်နှာ ၁၄)

၂၃)"NCA လမ်းကြောင်းတခုတည်းပဲ သွားမယ်ဆိုရင်တော့ ခက်ခဲဦးမယ်" လို့ဆိုသည့် ဗိုလ်မှူးတာပါင်လနှင့် မေးမြန်းခန်း (စာမျက်နှာ ၁၅)

၂၄)မေလအတွင်း တအာင်းဒေသတွင် တိုက်ပွဲနေ့စဉ်ဖြစ်ပွား မေလ (၁၀)ရက်နေ့ တိုက်ပွဲတွင်ရန်သူ့အလောင်းနှင့် လက်နက် ခဲယမ်းများသိမ်းဆည်းရမိ (စာမျက်နှာ ၂၀)

၂၅)TNLA နှင့် RCSSတပ်ဖွဲ့ (၃)ရက်ဆက်တိုက် တိုက်ပွဲဖြစ်ပွား တိုက်ပွဲ(၂)ကြိမ် ထပ်မံဖြစ်ပွား (စာမျက်နှာ ၂၀)


PSLF/TNLA owif;£Sif;tu m;a&;Xme\ ]]pmapmif}} t m; vp0f t crf Z xkwf0jcif;
jzpfyga umif;w t mif;rb jynfolm; t m; t oef;tyfygonf

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံဒုတိယအစည်းဝေးနှင့်ပတ်သက်၍ "ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး ကော်မတီ"၏ ထုတ်ပြန်ချက်

## စာအမှတ်-၀၀၁/၂၀၁၇

၂၀၁၇ခုနှစ်၊ မေလ၊ (၁၇)ရက်နေ့ ပန်ခမ်းမြို့တွင် ကျင်းပပြုလုပ်သော"ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ" ၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ဒုတိယအစည်းဝေးနှင့် ပတ်သက်၍ အစည်းဝေးသဘောတူညီချက်များကို အောက်ပါအတိုင်းထုတ်ပြန်ကြေငြာအပ်ပါသည်။

၁။ မကြာမီ ပြန်လည်ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဒုတိယအစည်းဝေး ကိုကြိုဆိုအပ်ပါသည်။

၂။ အားလုံးပါဝင်ရေးမူကို အလေးထားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များအားလုံးကို မည်သည့်ကြိုတင် ကန့်သတ်ချက်မှုမထားရှိဘဲ တန်းတူရည်တူပါဝင်ခွင့်ရှိရန် တိုက်တွန်းပါသည်။

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဒုတိယအစည်းဝေးသို့ စတုတ္ထအကြိမ်ပန်ခမ်း ညီလာခံမှဖွဲ့စည်းလိုက်သော " ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ" ၏ အဖွဲ့ဝင်(၇)ဖွဲ့ သည်တစ်ဖွဲ့ချင်းစီမဟုတ်ဘဲ ကော်မတီအနေဖြင့် တက်ရောက်ရန် အဆင်သင့်ရှိပါသည်။

၄။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ဒုတိယအစည်းဝေးအောင်မြင်စွာကျင်းပနိုင်ရန် လက်ရှိဖြစ်ပွားနေသောတိုက်ပွဲများကို ရပ်တန့်ရန်လိုအပ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းငြိမ်းချမ်းရေးကိစ္စတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ မြန်မာ့တပ်မတော်တို့ အနေဖြင့် "ပြည်ထောင်စုနိုင်ငံရေးဆွေး နွေးညှိနှိုင်းရေးကော်မတီ"နှင့် လျင်မြန်စွာတွေ့ဆုံဆွေးနွေးညှိနှိုင်းရန် လိုအပ်ကြောင်းထုတ်ပြန်အပ်ပါသည်။

"ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ"

ULA/AA,KIO/KIA,MNTJP/MNDAA,PSLF/TNLA

SSPP/SSA,PSC/NDAA,UWSP/UWSA

၂၀၁၇ ခုနှစ်၊မေလ(၁၇)


pmapmifzpfjrmuf&;aumfwDfrsm;

tuay;tzG - taxax twi;a&;rL; Avrl;cdky
wm;be;aus
-Avrl;Bu; wm;trwrm0;

t,'wmEi wm0ecrsm;
t,'wm - AvrL; wm;tuaus
wzut,'wm - Avri;armiz;
pmapmiwm0ec - ri;,0ácL0;
'Zi; - ri;,0ácL0;
pmppm&u - &;tzG
Xmetz0irsm; - &;tzG
owi;t&i;tjrp - owi;Ei jyeum;a&;Xme

qufoG,&ef
Email - pslftnlanews@gmail.com
- pslftnlanewsletter@gmail.com
Web - pslftnla.org
Phone - + 95 09 4931 4951
+ 95 09 3094 7551
+ 86 153 888 20328
xkwf0onfv - arv
tkyf&e - 1000

PSLF/TNLA\ owi;Ei jyeum;a&;Xmer Sxkwf0onfpmapmif tm; tcrJ jzef0onf

# တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲအပြင်းအထန်ဖြစ်ပွား




၂၀၁၇ ခုနှစ် မေလ ၂ ရက်

တအာင်းဒေသ၊ တပ်မဟာ(၁)နယ်မြေ၊ နမ့်ခမ်းမြို့နယ်၊ ကောင်းခေကျေးရွာနှင့် ပန်စံကျေးရွာကြားတွင် နေ့လည် ၁၀း၁၈ နာရီအချိန်မှ ၁၄း၃၀ နာရီအချိန်ထိ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် တပ်ရင်း(၅၇၁)နှင့် မြန်မာ့တပ်မတော် တပ်မ (၈၈)တို့တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်ဖက်မှ အထိနာသဖြင့် ၁၅း၁၅ နာရီအချိန်တွင် ရဟတ်ယာဉ် ၃ စီးဖြင့် ကောင်းခေရွာ၊ နမ့်ဟွမ်ရွာနှင့် ပန်စံရွာ ပတ်ဝန်းကျင်သို့ လာရောက်ပစ်ခတ်ခဲ့သည်။ လူ၊တိရိစ္ဆာန်၊ အဆောက်အဦးထိခိုက်မှု မသိရသေးပါ။

တိုက်ပွဲဖြစ်ပွားချိန် ကြာလာသည်နှင့်အမျှ မြန်မာ့တပ်မတော်သည် နမ့်ခမ်းမြို့ စခန်းသစ် တပ်စခန်းမှနေ၍ (၁၂၀)မမ အမြောက်ဖြင့် ကောင်းခေရွာ၊ နမ့်ဟွမ်ရွာနှင့် ပန်စံရွာ ဖက်သို့ ယခုအချိန်ထိ အဆက်မပြတ် ပစ်ခတ်လျက်ရှိသည်။ မြန်မာ့တပ်မတော်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့်နမ့်ဟွမ်ကျေးရွာ ဒေါ်အမ်(ခ)ယားလိုင်နေအိမ်ထိမှန်ကာ နေအိမ်အတွင်း၌ရှိနေသော အသက်(၈၀)အရွယ် အဖွားအိုဒေါ်အမ်(ခ)ယားလိုင် ထိမှန်ပြီး ပွဲချင်းသေဆုံးသွားသည်။ မြန်မာ့တပ်မတော်သည် ယခုအချိန်ထိ ထိုဒေသသို့ လက်နက်ကြီး ဆက်လက်ပစ်ခတ် နေဆဲဖြစ်သည်။






# တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော် တိုက်ပွဲ၂ ကြိမ် ထပ်မံဖြစ် မြန်မာ့တပ်မတော် ၁၀ ဦးကျော် ကျဆုံး

၂၀၁၇ ခုနှစ်၊မေလ ၃ ရက်

တအာင်းဒေသ၊ တပ်မဟာ ၁ နယ်မြေနမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့၌ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA နှင့် မြန်မာ့တပ်မတော်တို့ ယနေ့ မေလ ၃ ရက်နေ့တွင် တိုက်ပွဲ ၂ ကြိမ် ထပ်မံ ဖြစ်ပွားခဲ့သည်။

နံနက် ၀၆း၂၀ နာရီမှ ၀၇း၀၀ နာရီအချိန်ထိ နမ့်ခမ်းမြို့နယ်၊ ကောင်းဝိုင်းရွာအရှေ့ဖက်တွင် တအာင်းတပ်မတော် TNLA တပ်ရင်း ၅၇၁ နှင့်မြန်မာ့တပ်မတော် တပ်မ ၈၈/၃၃ ပူးပေါင်းအဖွဲ့ တို့ တစ်ကြိမ်၊ နေ့လည် ၁၃း၃၀ နာရီအချိန်မှ ၁၄း၄၅ နာရီအချိန်ထိ ကွတ်ခိုင်မြို့နယ်၊ မန်ဆွေ (ပိန်းပွန်)ရွာအနီးတွင်တအာင်းတပ်မတော်တပ်ရင်း၁၁၂နှင့်မြန်မာ့တပ်မတော်တပ်မ၈၈တို့တစ်ကြိမ်နှစ်ဖက်ရင်ဆိုင်တိုက်ပွဲထပ်မံဖြစ်ပွါးသည်။ မြန်မာ့တပ်မတော်သည် ဧပြီလ ၂၅ ရက်ခန့်က တအာင်းဒေသသို့ တပ်မ ၈၈ တပ်မ တစ်တပ်မလုံးနီးပါး တအာင်းဒေသသို့ ထပ်မံထိုးစစ်ဆင်လာခြင်းကြောင့် ဧပြီလ ၂၉ ရက်နေ့၌ တအာင်းတပ်မတော်နှင့် တိုက်ပွဲ စတင်ဖြစ်ပွားကာ ယနေ့အထိ နှစ်ဖက်ထိတွေ့ တိုက်ခိုက်မှု ၈ ကြိမ်ဖြစ်ပွားပြီးဖြစ်သည်။

ကောင်းဝိုင်းကျေးရွာအနီးတိုက်ပွဲတွင် မြန်မာ့တပ်မတော်ဖက် ၅ ဦးကျဆုံးပြီး မန်ဆွေကျေးရွာအနီး တိုက်ပွဲတွင် မြန်မာ့တပ်မတော် ၈ ဦးကျဆုံးကာ၁၀ဦးခန့်ဒဏ်ရာရရှိသည်။တအာင်းတပ်မတော်ဖက်မှ၂ဦးသာမန်ဒဏ်ရာရရှိသည်။ယခုတိုက်ပွဲဖြစ်ပွားရာဒေသသို့မြန်မာ့တပ်မတော် စစ်ကူထပ်မံ အင်အားဖြည့် ထိုးစစ်ဆင်လာပြီး တိုက်ပွဲ ပိုမို ပြင်းထန်လာနိုင်သည်။

## wtmi;rbjynorsm; ciAsm;...

vp0xwPSLF/TNLApmapmiwirbjynorsm; \aqmi;yg;?uAsm?Zmwvr;w?ynmay;pmayrsm;?umwe;rsm;Ei0wlwrsm;ponwlu xnoi;vygu *pslftnlanews@gmail.com* oaomvn;aumi; *plsftnlanewsletter@gmail.com* oaomvn;aumi; ay;yeliygalumi; av;pm;pmjzi toay; zwac:talumi;lum;tyygon cAsm;/

rwcsu/ /vrsl;a&;wucuon pmayrsm; tm; xnoi;ay;rnr[wygalumi;/ay;ylvmon pmapmirsm; tay:rlwnly;vp0 xnoi; om;rnjzpygalumi; toay;tyygon/

av;pm;pmjzi - pmapmijzpajrmua&;wm0ec - 'Avri;,0jcL0;

# တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲ (၃)နေရာ ဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၅ ရက်

တအာင်းဒေသ၊ တပ်မဟာ (၁) နယ်မြေ ကွတ်ခိုင်မြို့နယ်၊ တပ်မဟာ (၃) နယ်မြေ မန်တုံမြို့နယ်နှင့် တပ်မဟာ (၄) နယ်မြေ နမ္မတူမြို့နယ် တို့၌ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA နှင့် မြန်မာ့တပ်မတော်တို့ ယနေ့ တစ်ရက်တည်း တိုက်ပွဲ (၃) နေရာဖြစ်ပွားခဲ့သည်။ နေ့လယ် (၁၁း၃၀)နာရီအချိန်မှ (၀၁း၅၀)နာရီအချိန်ထိ တအာင်းတပ်မတော် တပ်ရင်း(၅၇၁)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈)တို့ တပ်မဟာ (၃)နယ်မြေ နမ့်ခမ်းမြို့နယ် ဘော်ဟိုစန်းအထက်နားတွင် တစ်ကြိမ်၊ ညနေ (၀၃း၃၀)နာရီအချိန်မှ (၀၄း၀၀)နာရီအချိန်ထိ တအာင်းတပ်မတော် တပ်ရင်း (၁၈၉) နှင့် မြန်မာ့တပ်မတော် တပ်မ (၃၃) တို့ တပ်မဟာ(၄)နယ်မြေ နမ္မတူမြို့နယ် ၊ နားနကျေးရွာနှင့် နမ့်လော့ကျေးရွာ ကြားတွင် တစ်ကြိမ်၊ ညနေ (၀၅း၃၀)နာရီအချိန်မှ (၀၆း၀၅) နာရီအချိန်ထိ တအာင်းတပ်မတော် တပ်ရင်း(၁၀၁) နှင့် မြန်မာ့တပ်မတော် တပ်မ(၃၃) တို့ တပ်မဟာ (၁) နယ်မြေ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေးကျေးရွာအနီးတွင် တစ်ကြိမ် နစ်ဖက်ရင်ဆိုင် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

မြန်မာ့တပ်မတော်ဘက်မှ တအာင်းဒေသအတွင်းသို့ နေရာအနှံ့ အင်အားတိုးချဲ့ထိုးစစ်ဆင်မှုကြောင့် တိုက်ပွဲဖြစ်ပွားရခြင်း ဖြစ်သည်။ မြန်မာ့တပ်မတော်ဘက် ထိခိုက်ကျဆုံးမှုရှိပြီး ထိခိုက်ကျဆုံးမှု အသေးစိတ်မသိရသေးပါ။ ယနေ့ မေလ ၅ ရက်နေ့တွင်လည်း မြန်မာ့တပ်မတော်သည် ပြင်ဦးလွင် - လားရှိုး - မူဆယ်လမ်းအတိုင်း စစ်ကား ၄၀ နီးပါး ထပ်မံအင်အားဖြည့် ထိုးစစ်ဆင်လာသည်။




# တအာင်းတပ်မတော်နှင့်မြန်မာ့တပ်မတော်တို့ တိုက်ပွဲ ၂ ကြိမ် ထပ်မံဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၆ ရက်

တအာင်းဒေသ၊ တပ်မဟာ ၁ နယ်မြေ၊ မန်တုံမြို့နယ်နှင့် တပ်မဟာ ၃ နယ်မြေ၊ နမ္မတူမြို့နယ်တို့၌ ယနေ့ မေလ ၆ ရက်နေ့တွင် တိုက်ပွဲ ၂ ကြိမ် ဖြစ်ပွားခဲ့သည်။နေ့လည် ၁၂း၀၀ နာရီမှ ၁၃း၀၀ နာရီအချိန်ထိ တပ်မဟာ ၃ နယ်မြေ၊ နမ္မတူမြို့နယ် ပန်စန့်ကျေးရွာ အနီးတွင် တအာင်းတပ်မတော် တပ်ရင်း ၇၆၅ နှင့် မြန်မာ့တပ်မတော် တပ်မ (၃၃) တို့ ကလည်းကောင်း၊ ညနေ ၁၆း၁၅ နာရီအချိန်မှ ၁၉း၀၀ နာရီအချိန်ထိ တပ်မဟာ ၁ နယ်မြေ မန်တုံမြို့နယ်၊ ဝိန်းပတ်ကျေးရွာအနီးတွင် လည်းကောင်း တအာင်းတပ်မတော် တပ်ရင်း ၄၇၈ နှင့် မြန်မာ့တပ်မတော် တပ်မ (၈၈) တို့လည်းကောင်း အသီးသီးရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့သည်။

နမ္မတူမြို့နယ်၊ ပန်စန့်ကျေးရွာအနီး တိုက်ပွဲတွင် မြန်မာ့တပ်မတော် စီးနင်းလာသည့် ကား ၂ စီးသည် တအာင်းတပ်မတော် ပစ်လိုက်သည့် ပခုံးထမ်းလောင်ချာ RPG ထိမှန်မှုကြောင့် တစ်စီး တိမ်းမှောက်ကာ တစ်စီး မီးလောင်ပျက်စီး သွားသည်။ဝိန်းပတ် အနီး တိုက်ပွဲတွင် တိုက်ပွဲ ည ၁၉း၀၀ နာရီအချိန်ပြီးသွားသော်လည်း မြန်မာ့တပ်မတော်သည် မိုင်းဝီးတပ်စခန်း၊ မန်တတ်တပ်စခန်းမှ နေ၍ ၁၂၀ မမဖြင့် ဝိန်းပတ် ကျေးရွာဖက်သို့ ယခုအချိန်ထိ ပစ်ခတ်နေဆဲ ဖြစ်သည်။

# တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတေ




တအာင်းဒေသ၊ တပ်မဟာ(၁)နယ်မြေနှင့် တပ်မဟာ(၃)နယ်မြေ မန်တုံမြို့နယ်တို့၌ ယနေ့ မေလ တပ်မဟာ ၁ နယ်မြေ မန်တုံမြို့နယ် ဘော်ဟိုစန်း တောင်ကြောအထက်တွင် တအာင်းတပ်မတော် တပ်ရင်း (၈၇၆)နှင့် တပ်မဟာ(၁)နယ်မြေ မန်တုံမြို့နယ် အွယ်လောရွာနှင့် ဝိန်းပတ်ရွာကြားတွင် တအာင်း တပ်မတော် တပ်ရင်း (၄၇၈) မန်တုံမြို့နယ် တောနေရွာနှင့် ကလန်းလျှိုရွာကြား တွင် တအာင်း တပ်မတော် (၇၆၅)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈) တောနေရွာနှင့် မန်စပ်ရွာကြားတွင် တအာင်းတပ်မတော် တပ်ရင်း(၇၆၅) နှင့် မြန်မာ့တပ်မတော် တပ်မ ၈၈

မြန်မာ့တပ်မတော် တပ်မ(၈၈)သည် တအာင်းဒေသသို့ ရောက်ရှိပြီး တအာင်းတပ်မတော် ဧပြီလကုန်မှ ယနေ့အထိ တအာင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်နစ်ဖက် ထိတွေ့တိုက်ခိုက်မှု (၂၀)ကြိမ်

## တအာင်းဒေသ တိုက်ပွဲ ဆက်လက်ပြင်းထန် ယနေ့ တိုက်ပွဲ(၄) ကြိမ်ဖြစ်ပွားမြန်မာ့တပ်မတော် လေကြောင်းပါအသုံးပြုတိုက်ခိုက်

၂၀၁၇ ခုနှစ် မေလ ၉ ရက်နေ့

တအာင်းဒေသ တပ်မဟာ (၁) နယ်မြေနှင့် တပ်မဟာ(၃)နယ်မြေ မန်တုံမြို့နယ်၌ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ ယနေ့မေလ ၉ ရက်နေ့တွင် တိုက်ပွဲ (၄) ကြိမ် ထပ်မံဖြစ်ပွားခဲ့သည်။

နံနက်၀၈း၀၀နာရီအချိန်မှ၁၄း၁၅နာရီအထိတပ်မဟာ၃နယ်မြေမန်တုံမြို့နယ်၊တောနေရွာနှင့်မန်စပ်ရွာကြားတွင်တအာင်းတပ်မတော် တပ်ရင်း ၅၇၇ နှင့် မြန်မာ့တပ်မတော် တပ်မ ၈၈ တို့ကလည်းကောင်း၊ နံနက် ၀၈း၁၀ နာရီမှ ယခုအချိန်ထိ တပ်မဟာ ၃ နယ်မြေ မန်တုံမြို့နယ် လွယ်ခွါင်ရွာနှင့် ကျောက်တော်ဘုရားတောင်ကြားတွင် တအာင်းတပ်မတော် တပ်ရင်း ၇၆၅ နှင့် မြန်မာ့တပ်မတော် တပ်မ ၈၈/ခလရ ၁၃၀ တို့က လည်းကောင်း၊ နံနက် ၀၈း၃၀ နာရီမှ ၀၉း၀၀ နာရီအချိန်ထိ တပ်မဟာ ၁ နယ်မြေ မန်တုံမြို့နယ်၊ အွယ်လောရွာနှင့် လွယ်ပျက်ရွာကြားတွင် တအာင်း တပ်မတော် တပ်ရင်း ၄၇၈ နှင့် မြန်မာ့တပ်မတော် တပ်မ ၈၈ တို့ကလည်းကောင်း၊ ညနေ ၁၆း၄၅ နာရီမှ ယခုအချိန်ထိ တပ်မဟာ ၃ နယ်မြေ မန်တုံမြို့နယ် နမ့်ကျိုးကျေးရွာ အနီးတွင် တအာင်းတပ်မတော် တပ်ရင်း ၅၇၇ နှင့် မြန်မာ့တပ်မတော် တပ်မ ၈၈ တို့ကလည်းကောင်း အသီးသီး ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

တိုက်ပွဲချိန်ကြာလာသည်နှင့်အမျှ တအာင်းတပ်မတော်ဖက်သို့ မြန်မာ့တပ်မတော်မှ အတင်းတိုးစစ်ဆင်လာမှုကြောင့် အထိအခိုက်များ သဖြင့် နေ့လည် ၁၄း၁၅ နာရီအချိန်မှ ၁၄း၄၅ နာရီအထိ ရဟတ်ယာဉ် ၃ စီးဖြင့် ၂ ကြိမ် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။ရန်သူမရှိ၊ တိုက်ပွဲ ဖြစ်ပွားမှုမရှိသည့် လွယ်ခွါင်ကျေးရွာအတွင်းလည်း မြန်မာ့တပ်မတော်မှ လေကြောင်းဖြင့် ဝင်ရောက် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။



## တအာင်းဒေသ ယနေ့တိုက်ပွဲ(၄)ကြိမ်ဖြစ်ပွါး မေလ အတွင်း ၂၁ ကြိမ် နစ်ဖက်ထိတွေ့ တိုက်ခိုက်မှုဖြစ်

၂၀၁၇ ခုနှစ် မေလ ၁၀ ရက်

တအာင်းဒေသ တပ်မဟာ(၃)နယ်မြေ မန်တုံမြို့နယ်နှင့် မိုးမိတ်မြို့နယ်တို့၌ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ ယနေ့မေလ ၁၀ ရက်နေ့တွင် တိုက်ပွဲ (၄)ကြိမ် ထပ်မံဖြစ်ပွားခဲ့သည်။ နံနက် ၀၃း၁၀ နာရီမှ နေ့လည် ၁၁း၃၀ နာရီအထိ တပ်မ ဟာ(၃)နယ်မြေ မန်တုံမြို့နယ်၊ခိုမုန်းကျေးရွာအနီး မြန်မာ့တပ်မတော်တပ်စခန်းတွင် တအာင်းတပ်မတော် တပ်ရင်း(၅၉၅)နှင့် မြန်မာ့တပ်

# ...တ် ယနေ့တိုက်ပွဲ ၄ ကြိမ် ထပ်မံဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၈ ရက်



၈ ရက်နေ့တွင် တိုက်ပွဲ (၄) ကြိမ် ဆက်လက်ဖြစ်ပွားခဲ့သည်။နေ့လည် ၁၀း၁၀ နာရီမှ ၁၀း၄၀ နာရီထိ မြန်မာ့တပ်မတော် တပ်မ ၈၈/ခလရ ၁၃၀ ပူးပေါင်းအဖွဲ့တို့က လည်းကောင်း၊ နေ့လည် ၁၂း၀၀ နာရီမှ၁၃း၃၀ နာရီထိ နှင့် မြန်မာ့တပ်မတော်တပ်မ ၈၈ တို့ကလည်းကောင်း၊ ညနေ ၁၄း၃၀ နာရီမှ ၁၅း၀၀ နာရီထိ တပ်မဟာ(၃)နယ်မြေ တို့မှ လည်းကောင်း ၊ ညနေ ၁၆း၃၀ နာရီမှယခု သတင်းရေးသားချိန်အထိ တပ်မဟာ(၃)နယ်မြေ မန်တုံမြို့နယ် တို့မှလည်းကောင်း တိုက်ပွဲ(၄)နေရာဖြစ်ပွားခဲ့သည်။

လှုပ်ရှားသည့် တောတွင်းအထိ လိုက်လံထိုးစစ်ဆင်လာသဖြင့် ယခုကဲ့သို့တိုက်ပွဲ ပြင်းထန်သွားခြင်းဖြစ်သည်။ ဖြစ်ပွားပြီးဖြစ်သည်။

မတော် တပ်မ(၈၈)တို့မှလည်းကောင်း၊ နေ့လည် ၁၃း၁၅နာရီအချိန်မှ ၁၅း၁၀နာရီအထိ တပ်မဟာ(၃)နယ်မြေ မန်တုံမြို့နယ်၊ နားအော်လေး ကျေးရွာအနီးတွင် တအာင်းတပ်မတော် တပ်ရင်း(၅၇၇)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈)တို့မှ လည်းကောင်း၊ နေ့လည် ၁၃း၀၀ နာရီ ၁၅း၃၀နာရီအချိန်ထိ တပ်မဟာ(၃)နယ်မြေမန်တုံမြို့နယ်၊ လွယ်မွန်း ကျေးရွာနှင့် လွယ်ခွါင်ကျေးရွာကြားတွင် တအာင်းတပ်မတော် တပ်ရင်း(၇၆၅)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈)တို့မှ လည်းကောင်း၊ နေ့လည် ၁၄း၄၀နာရီမှ ညနေ ၁၅း၅၀နာရီအချိန်ထိ တပ်မဟာ(၃) နယ်မြေ မိုးမိတ်မြို့နယ်၊ တုံးကြီးကျေးရွာအနီးတွင် တအာင်းတပ်မတော် တပ်ရင်း(၇၇၃)နှင့် မြန်မာ့တပ်မတော် ခမရ(၅၀၅)တို့မှ လည်းကောင်း အသီးသီးရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။



မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက် လာမှုကြောင့် ဧပြီလစတုတ္ထပတ်မှစတင်ကာ တအာင်းဒေသအတွင်း တိုက်ပွဲပိုမို ပြင်းထန်လာရခြင်းဖြစ်သည်။ မေလအတွင်း ယနေ့အထိ နစ်ဖက်ထိတွေ့တိုက်ခိုက်မှု (၂၁)ကြိမ်ရှိပြီးဖြစ်သည်။ မြန်မာ့တပ်မတော်မှ လေကြောင်းဖြင့် ၄ ကြိမ်အသုံးပြုတိုက်ခိုက်ခဲ့သည်။

## တအာင်းတပ်မတော်နှင့် RCSS တပ်ဖွဲ့တို့ တိုက်ပွဲ ၂ ရက် ဆက်တိုက် တိုက်ပွဲဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၁၅ ရက်

တအာင်းဒေသတပ်မဟာ ၂နယ်မြေကျောက်မဲမြို့နယ်ခွန်ကော်ကျေးရွာနှင့်တော်ဖဲကျေးရွာကြားတွင်ယနေ့နံနက်၀၉း၀၀နာရီမှ၁၂း၀၀ နာရီအချိန်ထိ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း ၄၃၄ နှင့် RCSS တပ်ဖွဲ့တို့ နစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ RCSS တပ်ဖွဲ့သည် တအာင်း နယ်မြေအတွင်း ပြန်လည်ကျူးကျော် ဝင်ရောက်လာရာမှ နစ်ဖက် တိုက်ပွဲ ပြန်လည်ဖြစ်ပွားရခြင်း ဖြစ်သည်။

တအာင်းတပ်မတော်နှင့်RCSSတပ်ဖွဲ့သည်၂၀၁၆ခုနှစ်ဒီဇင်ဘာလ ၂၂ရက်နေ့တွင်နောက်ဆုံးအကြိမ်ထိတွေ့တိုက်ခိုက်မှုဖြစ်ပြီးမေလ ၁၃ ရက်နေ့နှင့် ယနေ့မေလ ၁၄ ရက်နေ့၌ ၂ ရက်ဆက်တိုက် တစ်ကျော့ ပြန်လည် ထိတွေ့ တိုက်ခိုက်မှု ဖြစ်သည်။



# တအာင်းတပ်မတော်နှင့်မြန်မာ့တပ်မတော် တိုက်ပွဲဆက်လက်ဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၁၃ ရက်

တအာင်းဒေသ တပ်မဟာ ၁ နယ်မြေ မန်တုံမြို့နယ် မဝေါင်းရွာနှင့် ပန်နင်းကျေးရွာကြားတွင် ယနေ့ နေ့လည် ၁၂း၃၀ နာရီမှ ၁၇း၀၀ နာရီအထိ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း(၄၇၈)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈)တို့ နစ်ဖက်ရင်ဆိုင်တိုက်ပွဲ ထပ်မံ ဖြစ်ပွားခဲ့သည်။ မြန်မာ့တပ်မတော်၏ တအာင်းဒေသသို့ ထိုးစစ်ဆင်လာမှုကြောင့် ယနေ့ မေလ ၁၃ ရက်နေ့ အထိ နှစ်ဖက်ထိတွေ့ တိုက်ခိုက်မှု (၂၇) ကြိမ်ရှိပြီးဖြစ်သည်။



# တအာင်းတပ်မတော်နှင့် RCSS တပ်ဖွဲ့ တစ်ကျော့ တိုက်ပွဲ ပြန်လည်ဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၁၃ ရက်

တအာင်းဒေသ တပ်မဟာ ၂ နယ်မြေ ကျောက်မဲမြို့နယ် ခွန်ကော် ကျေးရွာတွင် ယနေ့ မေလ ၁၃ ရက်နေ့ နံနက် ၀၅း၂၀ နာရီမှ ၀၆း၂၀ နာရီအချိန်ထိ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA တပ်ရင်း ၂၅၆ နှင့် RCSS တပ်ဖွဲ့တို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။တိုက်ပွဲတွင် RCSS တပ်ဖွဲ့ မှ ကျေးရွာအတွင်း လက်နက်ကြီး ပစ်ခတ်ကာ တားကျော်ခိုင်၊ တားအိုက်နာန်း၊ ယားအေလာ တို့၏နေအိမ် ထိမှန်ခဲ့ပြီး အသက် ၆၀ နှစ်ရွယ် ယားအေလာ ပေါင်နှင့် မြေးဖြစ်သူ အသက် ၆ နှစ်အရွယ် မိုင်းအောင်ရဲလင်း မျက်နှာနှင့် နားရွက်တို့ လက်နက်ကြီးအစ ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။

RCSS တပ်ဖွဲ့သည် တအာင်း နယ်မြေအတွင်း ပြန်လည်ကျူးကျော် ဝင်ရောက်လာရာမှ နစ်ဖက် တိုက်ပွဲ ပြန်လည်ဖြစ်ပွားရခြင်း ဖြစ်သည်။ တအာင်းတပ်မတော်နှင့် RCSS တပ်ဖွဲ့သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် နောက်ဆုံးအကြိမ် ထိတွေ့ တိုက်ခိုက်မှု ဖြစ်ပြီး ယနေ့ မေလ ၁၃ ရက်နေ့တွင် တစ်ကျော့ ပြန်လည် ထိတွေ့ တိုက်ခိုက်မှု ဖြစ်သည်။



# မူးယစ်ဆေးဝါးနှင့် နိုင်ငံရေးအာဏာ

မူးယစ်ဆေးဝါးသည် ကိုလိုနီနယ်ချဲ့တို့၏ အစွမ်းထက်သော နယ်ချဲ့လက်နက်တစ်ခုဖြစ်သည်။ လူမှုရေးနှင့်လူ့အရင်းမြစ်စွမ်းအားများ ဖျက်စီးရာတွင် ထိရောက်စွာအသုံးပြုကြောင်း သမိုင်းအထောက်အထားအရ ရှုမြင်နိုင်မည်ဖြစ်သည်။ ခရစ်နှစ် (၁၆)ရာစုခန့်ကတည်းက ဒတ်(ချ်) နှင့်ရောမကုန်သည်တို့သည် အန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဘိန်းကိုတင်သွင်းရောင်းချခဲ့သည်။ ခရစ်နှစ် ၁၈၂၄ခုနှစ်တွင် မြန်မာနိုင်ငံ ရခိုင်နှင့် တနင်္သာရီဒေသတွင် ကိုလိုနီနယ်ချဲ့က လိုင်စင်ရဘိန်းခန်းများ ဖွင့်လှစ်ခဲ့ကြောင်းတွေ့ရသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော တိုင်းရင်းသားလူမျိုးများ၏ ဒေသချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်စွမ်းရည်များအား ရိုက်ချိုးဖျက်စီးရန်နှင့် ကိုလိုနီတို့၏ယန္တရားများသက်ဆိုးရှည်စေရန် တို့အတွက် ဘိန်းတည်းဟူသော မူးယစ်ဆေးဝါးကို မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်သုံး စွဲစေခြင်းဟာ နည်းမျိုးစုံအသုံးချစီမံခဲ့သည်။




နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲချမှတ် ထားဆောင်ရွက်ခဲ့ရာ (၁၉၇၅) ခုနှစ်မှ (၁၉၈၈)ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေး အဆင့် (၁)မှ (၁၂)အထိ လည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေး အဆင့် (၁)မှ (၈)အထိ လည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး (၁)မှ (၄)အထိလည်းကောင်း စသည့်ဒေသန္တရစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ကြသည်ဟု အစိုးရမှတရားဝင်ထုတ်ပြန် ကြေငြာခဲ့သည်။ ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကြီးရေးဆွဲ ဆောင်ရွက်နေသည်။ စစ်ဆင်ရေးများ၊ စီမံကိန်းကြီးများ မည်မျှပင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့မှာမူတိုင်းရင်းသား ဒေသမှာမူးယစ်

မူးယစ်ဆေးဝါးသည် ကိုလိုနီနယ်ချဲ့တို့၏ အစွမ်းထက်သော နယ်ချဲ့လက်နက်တစ်ခုဖြစ်သည်။ လူမှုရေးနှင့်လူ့အရင်းမြစ်စွမ်းအားများ ဖျက်စီးရာတွင် ထိရောက်စွာအသုံးပြုကြောင်း သမိုင်းအထောက်အထားအရ ရှုမြင်နိုင်မည်ဖြစ်သည်။ ခရစ်နှစ် (၁၆)ရာစုခန့်ကတည်းက ဒတ်(ချ်) နှင့်ရောမကုန်သည်တို့သည် အန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဘိန်းကိုတင်သွင်းရောင်းချခဲ့သည်။ ခရစ်နှစ် ၁၈၂၄ခုနှစ်တွင် မြန်မာနိုင်ငံ ရခိုင်နှင့် တနင်္သာရီဒေသတွင် ကိုလိုနီနယ်ချဲ့က လိုင်စင်ရဘိန်းခန်းများ ဖွင့်လှစ်ခဲ့ကြောင်းတွေ့ရသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော တိုင်းရင်းသားလူမျိုးများ၏ ဒေသချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်စွမ်းရည်များအား ရိုက်ချိုးဖျက်စီးရန်နှင့် ကိုလိုနီတို့၏ယန္တရားများသက်ဆိုးရှည်စေရန် တို့အတွက် ဘိန်းတည်းဟူသော မူးယစ်ဆေးဝါးကို မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်သုံး စွဲစေခြင်းဟာ နည်းမျိုးစုံအသုံးချစီမံခဲ့သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံချက်များ စနစ်တကျရေးဆွဲချမှတ် ထားဆောင်ရွက်ခဲ့ရာ (၁၉၇၅) ခုနှစ်မှ (၁၉၈၈)ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေး အဆင့် (၁)မှ (၁၂)အထိ လည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေး အဆင့် (၁)မှ (၈)အထိ လည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး (၁)မှ (၄)အထိလည်းကောင်း စသည့်ဒေသန္တရစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ကြသည်ဟု အစိုးရမှတရားဝင်ထုတ်ပြန် ကြေငြာခဲ့သည်။ ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကြီးရေးဆွဲ ဆောင်ရွက်နေသည်။ စစ်ဆင်ရေးများ၊ စီမံကိန်းကြီးများ မည်မျှပင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့မှာမူတိုင်းရင်းသား ဒေသမှာမူးယစ်ဆေးဝါးများ ပိုမိုစိုက်ပျိုးထွန်းကားလာနေသည်ကို တွေ့ရှိရသည်။ ထွန်းကားလာသော မူးယစ်ဆေးဝါးနှင့်အတူ နိုင်ငံရေးအာဏာလည်း သမာရိုးကျသော နိုင်ငံရေးပုံစံများ ပိုမိုကျင့်သုံးလာသည်ကို တွေ့မြင်နေရသည်။မူးယစ်ဆေးဝါး၏ဘေးထွက်ဆိုးကျိုးများမှာ တိုင်းရင်းသားဒေသရှိ တိုင်းရင်းသားလူမျိုးများက ဆိုးရွားစွာခံစားနေရပါသည်။ တိုင်းရင်းသားဒေသမှ မူးယစ်ဆေးဝါးပေါ်များ ရခြင်းအကြောင်းရင်းမှာ ခေတ်အဆက်ဆက်အစိုးရနှင့် အာဏာရှင်တို့က တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ သာယာပျော်ရွှင်မှု၊ဖွံဖြိုးမှုစသည်တို့ကို မူးယစ်ဆေးဝါးနှင့် ရိုက်ချိုးဖျက်စီးနေသည်ကို ယုံမှားသံသယ မရှိအောင်ထင်ရှားနေပါသည်။

ဘိန်းထွက်ရှိမှုတိုးတက်နေခြင်းကို နဝတအစိုးရကတိုက်ဖျက်နိုင်ရန် အားထုတ်ခဲ့ကြောင်းအစိုးရ အခိုင်အမာပြောသော်လည်း လက်တွေ့မှာမူ ထုတ်လုပ်မှုက ပိုမိုကြီးမားလာသည်ကို တွေ့ရှိရပါသည်။ (၁၉၈၈) နဝတက အာဏာကိုထိန်းချုပ်

စာမျက်နှာ ၁၉ တွင် ဆက်ဖတ်ရန် >>>

# တပ်မ(၈၈)တပ်ဖွဲ့မှ အပြစ်မဲ့ဒေသခံတစ်ဦးအား ညှင်းပန်းနှိပ်စက်ရာမှ ဒဏ်ရာပြင်းထန်ရရှိ




၂၀၁၇ခုနှစ် မေလ ၂ရက်

တအာင်းဒေသ၊ နမ့်ခမ်းမြို့နယ်၊ ကောင်းဝိုင်းကျေးရွာအုပ်စု၊ ကောင်းဝိုင်းကျေးရွာနေ (ဘ) တားမောင်ယီ၊ အသက်(၃၀)နှစ် မိုင်းအိုက်ယိုင်အား ၂၀၁၇ခုနှစ် ဧပြီလ ၂၈ရက်နေ့ နေ့လည် (၁၄း၀၀)နာရီအချိန်တွင် မြန်မာ့တပ်မတော် တပ်မ (၈၈) တပ်ဖွဲ့မှ လမ်းပြအဖြစ်စေခိုင်းကာ လမ်းတစ်ဝက်တွင် အကြောင်းမဲ့ ညှင်းပန်း နှိပ်စက်ခဲ့သောကြောင့် ရင်ဘက်တွင် အတွင်းဒဏ်ရာ ရရှိခဲ့သည်။

မြန်မာ့တပ်မတော် တပ်မ(၈၈)တပ်ဖွဲ့သည် ကောင်းဝိုင်းကျေးရွာ အထက်တွင် မီးသွေးကျင်းမှ ဆိုင်ကယ်မောင်းနှင်လာသော ကောင်းတပ်ရွာသားနှစ်ဦးအား တားပြီး ကောင်းဝိုင်းရွာသို့ ပတ်လမ်းဖြင့် အတင်းအဓမ္မ လမ်းပြအဖြစ် လိုက်လံပို့ပေးစေခဲ့သည်။

ထိုကောင်းတပ်ရွာသားနှစ်ဦးမှာ ပတ်လမ်းမသိသောကြောင့် ကားဖြင့် မီးသွေးတင်ဆောင်လာသော ကောင်းဝိုင်းရွာသားနှစ်ဦးအား ထပ်မံတားကာ တင်ဆောင်လာသော မီးသွေးအိတ်များချပြီး ကောင်းဝိုင်းကျေးရွာသို့ပို့ပေးရန် ပြောပါသည်။ ကားဆရာမိုင်းအိုက်ယိုင်မှာ မီးသွေးအိတ်(၂၀၀)ကျော် ပြန်ချရန်မဖြစ်ကြောင်းပြောရာမှ မြန်မာ့တပ်မတော် တပ်ဖွဲ့မှကားသော့နှင့် ဆိုင်ကယ်သော့ အားလုံးအတင်းလုယူသိမ်းထားလိုက်သည်။

ထို့ကြောင့် ကားမောင်းသူမိုင်းအယိုင်မှ ဖြတ်လမ်းဖြင့်လိုက်ပို့ပေးမည်ပြောခါမှ ကားသော့နှင့် ဆိုင်ကယ်သော့များကို ပြန်လည်ပေးအပ်ခဲ့သည်။ လိုက်လံပို့စဉ် တရုတ်ရွာ ဦးလောက်ကွယ်နေအိမ်အောက် ရေချောင်းတွင် အကြောင်းမဲ့ မိုင်းအိုက်ယိုင်၏ နောက်ကျောနှင့် ရင်ဘတ်အား ဆောင့်ကန်ခဲ့သည်။ တစ်ကြိမ်တည်းမှာပင် ကြိုးဖြင့်ပြန်လည်ချုပ်နှောင်ရန် ခါးတွင်ကြိုးဖြုတ်ရန်လုပ်နေချိန် မိုင်းအိုက်ယိုင်မှ ထိတ်လန့်ကာ ထွက်ပြေးသောကြောင့် သေနတ်ဖြင့် ထပ်မံလိုက်လံပစ်ခတ်ခဲ့သည်။ မိုင်းအိုက်ယိုင်သည် နေအိမ်သို့ ယနေ့ချိန်ထိပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ အဆက်အသွယ် ပြတ်နေကြောင်း သိရသည်။

# တပ်မ(၈၈)တပ်ဖွဲ့မှ ရည်ရွယ်ချက်ဖြင့် ပစ်ခတ်သောကြောင့် အမျိုးသမီး (၃)ဦး ဒဏ်ရာပြင်းထန်ရရှိ





မြန်မာ့တပ်မတော် တပ်မ (၈၈) ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် သေဆုံးသွားသူ ဒေါ်အမ်(ခ)ယားလိုင် 2.5.2017

၂၀၁၇ခုနှစ် မေလ ၂ရက်

တအာင်းဒေသ၊ မူဆယ်ခရိုင်၊နမ့်ခမ်းမြို့နယ်၊ကောင်းခေကျေးရွာနှင့် ပန်စံကျေးရွာကြား ၂၀၁၇ခုနှစ် မေလ ၂ရက်နေ့ နံနက် ၁၀း၁၈မှ ၁၄း၃၀ နာရီအချိန်ထိ တအာင်းတပ်မတော် တပ်ရင်း(၅၇၁)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈)တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာ့တပ်မတော်ဘက်မှ အထိနာသဖြင့် ရဟတ်ယာဉ်(၂)စီး အသုံးပြုကာ ကောင်းခေကျေးရွာ၊ နမ့်ဟွမ်ကျေးရွာနှင့် ပန်စံကျေးရွာ ပတ်ဝန်းကျင်သို့ လာရောက်ပစ်ခတ်ခဲ့သည်။

ထို့နောက် စခန်းသစ်ကုန်းမှနေ၍ ၁၂၀ မမ အမြောက်ဖြင့် ရည်ရွယ်ချက်ရှိရှိ ကောင်းခေရွာ၊ နမ့်ဟွမ်ရွာနှင့်ပန်စံရွာဖက်သို့ ပြန်လည်ပစ်ခတ်ခဲ့သောကြောင့် နမ့်ဟွမ်ရွာ အဖွားအို(၁)ဦး ထိမှန်သေဆုံးပြီး လက်ဖက်ခူးနေသော ကောင်းခေရွာအမျိုးသမီး (၃)ဦးကိုလည်းထိမှန် ဒဏ်ရာပြင်းထန်စွာရရှိကာ နမ့်ခမ်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေရပါသည်။ မြန်မာ့တပ်မတော်ဖက်မှ ပစ်ခတ်လိုက်သော လက်နက်ကြီးများကြောင့် နမ့်ဟွမ်ရွာနေအိမ်(၁)လုံးထိမှန်ခဲ့ပြီး နေအိမ်တွင်ရှိနေသော အသက်(၈၀)နှစ်၏အဖွားအို ဒေါ်အမ်(ခ)ယားလိုင်အား ထိမှန်ကာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ တစ်ချိန်တည်းမှာပင်မြင်တွေ့ရသော လက်ဖက်ခူးသည့် ကောင်းခေ အမျိုးသမီး(၃)ဦးရှိရာ လက်ဖက်ခြံသို့ မပစ်ရန်ဒေသခံများက တားသော်လည်း မြန်မာ့တပ်မတော်တပ်ဖွဲ့သည် ထပ်ခါတလဲလဲ ပစ်ခတ်မှုကြောင့် ၁။(ဘ)တားထမ်းဆွယ်၊ အသက်(၄၈)နှစ် ယားအိုင်ထာ၏ တင်ပါးနှင့်ခါး၊ ၂။(ဘ)တားအိုက်ကျော်(ခ)အိုက်ဆွယ်၊ အသက်(၁၃)နှစ် လွေးအိုင်သန်းဌေး၏ တင်ပါးနှင့် ၃။(ဘ) တားညီကျော်ဖေ၊ အသက်(၁၇)နှစ် လွေးအီရွှေဦး၏ဒူးခေါင်း စသည့် နေရာအသီးသီးထိမှန်ခဲ့သည်။ ထိုသို့ထိမှန်ဒဏ်ရာ ပြင်းထန်သောကြောင့် ဒေသခံရွာသားများမှာ ၎င်းတို့(၃)ဦးအား နမ့်ခမ်းဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ယားအိုင်ထာသည် ခွဲစိတ်ကုသပြီးနောက် သွေးအရေးပေါ် လိုအပ်နေပြီး ယခုချိန်ထိမရရှိသေးကြောင်းလည်းသိရသည်။



# မြန်မာ့တပ်မတော်တပ်မ(၈၈)တပ်ဖွဲ့မှပစ်ခတ်လိုက်သောလက်နက်ကြီးကြောင့် နေအိမ်တစ်လုံးထိမှန်ပျက်ဆီး

၂၀၁၇ခုနှစ် မေလ ၃ရက်

တအာင်းဒေသ၊ နမ့်ခမ်းမြို့နယ်၊ ကောင်းဝိုင်းကျေးရွာ အရှေ့ဖက်တွင် တအာင်းတပ်မတော် တပ်ရင်း (၅၇၁)နှင့် မြန်မာ့တပ်မတော် တပ်မ(၈၈/၃၃)တို့ နံနက် ၀၆း၂၀နာရီမှ ၀၇း၀၀နာရီအချိန်ထိ တိုက်ပွဲဖြစ်ပွားနေချိန်အတွင်း မြန်မာ့တပ်မတော်တပ်ဖွဲ့ စခန်းသစ်ကုန်းမှ လက်နက်ကြီး အမြောက်အများ ပစ်ခတ်ခဲ့သောကြောင့် ကောင်းဝိုင်းကျေးရွာ တားမောင်ဌေးနှင့် ယားအိုင်စောတို့၏နေအိမ် ပျက်ဆီးဆုံးရှုံးခဲ့ရသည်။ ထိုလက်နက်ကြီးထိမှန်ပျက်ဆီးသည့်နေအိမ်တွင် ကံကောင်းထောက်မစွာဖြင့် တားမောင်ဌေးနှင့် ယာအိုင်စောတို့ မိသားစုတို့မှာ နမ့်ခမ်းမြို့သို့ရောက်ရှိနေသောကြောင့် တစ်ဦးမျှဒဏ်ရာမရရှိခဲ့ပါ။

မြန်မာ့တပ်မတော်သည် တိုက်ပွဲအတွင်းအထိနာသေဆုံးမှုများသောကြောင့် စခန်းသစ်ဂိတ်တွင် စောင့်ဆိုင်းကာ သွားလာနေသော ဒေသခံများကိုပါ စစ်ဆေးညှင်းပန်းနှိပ်စက်သည့် လုပ်ရပ်များပြုလုပ်နေသည်။ ထိုစခန်းသစ်ဂိတ်ရှိ တပ်ဖွဲ့များမှာ နမ့်ခမ်းဈေးမှ ပစ္စည်းများ တင်ဆောင်လာသော ဖာလင်ရွာသားတစ်ဦးအား "နေရပ်မေးမြန်းရာ" ထိုရွာသားမှ " ဖာလင်ရွာကပါ"ဟု ပြန်ဖြေသည်ကို ချက်ချင်းဆိုသလို နားရင်းရိုက်ခဲ့ ကြောင်း ဒေသခံများကပြောပါသည်။ အပြစ်မဲ့ဒေသခံ ပြည်သူများအား မြန်မာ့တပ်မတော်မှ တွေ့ရာနေရာတိုင်းစစ်ဆေးကာ ညှင်းပန်းနှိပ်စက်သောကြောင့် ဒေသခံများလုပ်ငန်းခွင် နှင့် မြို့သို့သွားရန် ထိတ်လန့်နေကြရသည်။



# RCSS/SSAတပ်ဖွဲ့မှဒေသခံပြည်သူများထံအတင်းအဓမ္မဆက်ကြေးကောက်ခံပြီး ခြံစိုက်ခင်းနှင့် တောင်ယာတဲများမှရိက္ခာများ ခိုးယူစားသောက်

၂၀၁၇ခုနှစ် မေလ ၁၂ ရက်

တအာင်းဒေသ၊ နမ္မတူမြို့နယ် တသလ(၁) ရက်ကွက်၊ ၂၃ မိုင်နေ တားယိုင်ပွဲနှင့် တားအိုက်ဆု တို့နှစ်ဦး၏ ခြံစိုက်ခင်းနှင့် တောင်ယာတဲများအား ၂၀၁၇ခုနှစ် မေလ ၁၀ ရက်နေ့တွင် RCSS/SSAတပ်ဖွဲ့မှ အင်အား ၁၀၀ ခန့်ရောက်ရှိလာပြီး ကြက်များ၊ ရိက္ခာများ နှင့်အဝတ်အထည်များ ဝင်ရောက်မွှေနှောက်ကာ ခိုးယူခဲ့သည်။

RCSS/SSA တပ်ဖွဲ့သည် ၂၃ မိုင်ပတ်ဝန်းကျင် သို့ရောက်ရှိလာပြီး အနီးနားတစ်ဝိုက် လူမရှိသည့် တောင်ယာတဲများတွင် မွေးမြူထားသော ကြက်များသတ်ဖြတ် စားသောက်ပြီး ရိက္ခာများခိုးယူကာ အဝတ်အစားများနှင့် အိပ်ယာခင်းများ မွှေနှောက်ခဲ့သည်။ ထိုသို့မွှေနှောက်ရာမှာ သားနှစ်ဦးကျောင်းစရိတ် ထောက်ပံ့ရန်အတွက် မွေးမြူထားသော ကြက်အကောင်ရေ (၇၀ )အားလုံးကို သတ်ဖြတ်စားသောက်ပြီး ဆန်၊ဆီ၊ ဆားများ ယူဆောင်ခြင်း အဝတ်အစားများ၊ ၎င်းအပြင် ဦးယိုင်ပွဲ၏ တဲအတွင်းရှိ ဆန်တစ်အိတ်နှင့်တစ်ဝက် ၊ဆီ၊ဆားများ စသည့်ပစ္စည်းများအား ယူဆောင် သွားသည်။

RCSS/SSA တပ်ဖွဲ့ လုပ်ရပ်ကြောင့် ဒေသခံပြည်သူများမှာ လုပ်ငန်းခွင်သို့ အလုပ်သွားရန် စိုးရိမ်ထိတ်လန့်နေကြပြီး ဧပြီလတွင်လည်း ဒေသခံကားရှိသည့် အိမ်တိုင်း တစ်အိမ်ဝင်တစ်အိမ်ထွက် အတင်းအဓမ္မ အခွန်များကောက်ခံခဲ့ပြီး အခွန်ကောက်ရာမှာ ကားလေး တစ်စီးအား ၆ သောင်းကျပ်နှင့် ၁၂ ဘီးကားတစ်စီးလျှင် ၁၀ သိန်းကျပ်ကောက်ခံခဲ့သည်။

# RCSSတပ်ဖွဲ့မှ အပြစ်မဲ့ရွာသားတစ်ဦးအား အကြောင်းမဲ့ညှင်းပန်းနှိပ်စက်

၂၀၁၇ခုနှစ် မေလ ၁၃ ရက်

တအာင်းဒေသ၊ ကျောက်မဲမြို့နယ် ၊ခွန်ကော်ကျေးရွာအုပ်စု၊ ခွန်ကော်ကျေးရွာ တွင်နေထိုင်သော ဦးအိုက်စံအား RCSSတပ်ဖွဲ့မှ ၂၀၁၇ခုနှစ် မေလ ၁၃ ရက်နေ့ နေ့လည် (၁၀း၄၅) နာရီအချိန်တွင်ရွာအဝင် တံတားစောင့်နေသော ဦးအိုက်စံအား မျက်နှာပြင်တစ်ခုလုံး ညိုမည်းသည်အထိ ပိုင်းဝန်းညှင်းပန်းနှိက်စက် ရိုက်နှက်ခဲ့ကြသည်။

RCSSတပ်ဖွဲ့သည် ခွန်ကော်ရွာနှင့် အိုမ်အီညီးရွာကြား နံနက် ၀၅း၂၀နာရီမှ ၀၆း၃၀ နာရီအချိန်ထိ တိုက်ပွဲဖြစ်ပွားခဲ့စဉ် အပြစ်မဲ့ပြည်သူများနေထိုင်သည့် ကျေးရွာအတွင်းသို့ လက်နက်ကြီး (၆)လုံး ပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်လိုက်သောကြောင့် ဘုန်းကြီးကျောင်းနှင့် နေအိမ် (၃)လုံး ထိမှန်ပျက်ဆီးခဲ့ပြီး အဖွားအိုနှင့် မြေးတစ်ဦး ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ထိုနောက် ကျေးရွာအတွင်းဝင်ရောက်ကာ ၎င်းတို့ စားသောက်ရန်အတွက် ရွာသားများအား ချက်ပြုတ်ကျွေးမွေးစေပြီး မနက် ၁၀း၃၀နာရီအချိန်တွင် ကျေးရွာမှထွက်ခွါသွားခဲ့သည်။ ကျေးရွာမှ ထွက်ခွါသွားချိန် ရွာအထွက် တံတားစောင့် အပြစ်မဲ့ဦးအိုက်စံအား ပိုင်းဝန်းညှင်းပန်း နှိပ်စက်ခဲ့ကြသည်။ RCSS တပ်ဖွဲ့သည် တအာင်းဒေသအတွင်း နယ်မြေကျူးကျော်လာသည်နှင့် တစ်ပြိုင်တည်း တအာင်းပြည်သူလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု များဆက်တိုက်ဆိုသလို ကြုံတွေ့နေရသည်။




# တအာင်းဒေသအတွင်း RCSS တပ်ဖွဲ့၏ လူ့အခွင်းအရေးချိုးဖောက်မှုများ

၂၀၁၇ခုနှစ် မေလ ၁၆ရက်

တအာင်းဒေသ၊ကျောက်မဲမြို့နယ်၊တော်ဖယ်ကျေးရွာနေဦးသန်းရွှေနှင့်မာည်းအစိန်တို့ သားအဖနှစ်ဦးအား ၂၀၁၇ခုနှစ်မေလ၁၅ရက်နေ့ ညသန်ခေါင်အချိန်တွင် RCSS တပ်ဖွဲ့မှ လာရောက်ဖမ်းဆီးခေါ်ဆောင်သွားသည်။ခွန်ကော်ကျေးရွာအုပ်စု အနီးတစ်ဝိုက်တွင် RCSS တပ်ဖွဲ့မှ အင်အားများစွာ အုမ်အွမ်ရွာ၊ တော်ဖယ်ရွာ၊ ခွန်ကော်ရွာ၊ ရံဝ်နင်ရွာ၊ ထန်စန့်ရွာနှင့်အိုမ်စင့်ရွာ စသည့်ကျေးရွာပတ်ဝန်ကျင်များ အားလုံး ပိုင်းဝန်းထားကြောင်းဖြစ်သည်။

RCSS တပ်ဖွဲ့သည် နယ်မြေစတင်ကျူးကျော်ဝင်ရောက်လာသည်နှင့် အမျှ တအာင်းတပ်မတော်နှင့် တအာင်းဒေသတွင် နေ့စဉ်တိုက်ပွဲဖြစ်ခဲ့ရသည်။ ထိုက်ပွဲဖြစ်စဉ်အတွင်းအခွင့်ကောင်းယူကာ ကျေးရွာအတွင်းလက်နက်ကြီးများပစ်ခတ်ခြင်း၊ ရွာသားများအားအကြောင်းမဲ့ညှင်းပန်းနှိပ်စက်ခြင်း၊ စစ်ဆေးမေးမြန်းကာ ဖမ်းဆီးချုပ်နှောင်ခြင်း စသည့် လူ့ အခွင့်အရေးချိုးဖောက်မှု နည်းမျိုးစုံ ပြုလုပ်နေသည်ကို ကြုံတွေ့ နေရသည်။ တအာင်းဒေသအတွင်း၎င်းတို့တပ်ဖွဲ့ဝင်ရောက်လာသည့်အချိန်မှစတင်ကာ နေ့စဉ်တိုက်ပွဲဖြစ်ခဲ့ရသောကြောင့် ဒေသခံများသည်သီပေါ၊ကျောက်မဲ စသည့်နေရာသို့ နေ့စဉ်ထွက်ပြေးတိမ်းရှောင်နေရသည်။

# ကျောက်မဲမြို့သို့စစ်ဘေးဒုက္ခသည်များရောက်ရှိ

၂၀၁၇ ခုနှစ် မေလ ၂၀ ရက်

ကျောက်မဲမြို့နယ်၊ ကွန်ကော်ကျေးရွာနှင့်တောဖယ်ရွာ စစ်ရှောင်သူများ ကျား(၃၉)၊ မ (၅၆) စုစုပေါင်း (၉၅)ဦးတို့သည် ယနေ့မေလ ၂၀ရက်နေ့ ညနေ ၃း၀၀နာရီချိန်တွင် ကျောက်မဲမြို့နယ် သန္တိသုခဓမ္မာရုံကျောင်းတိုက်သို့ရောက်ရှိလာပါသည်။

လွန်ခဲ့သောရက်တွင် တအာင်းအမျိုးသားတပ်မတော် TNLAနှင့် RCSS/SSA တပ်ဖွဲ့တို့နှစ်ဖက်ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ရာ ထိုရက်တွင် စစ်ရှောင်လာသူများ ကျောက်မဲမြို့သို့ရောက်လာမည်ဟုကြားသိရသဖြင့် မြို့နယ်တာဝန်ရှိသူများ စစ်ဘေးရှောင်လာသူများအတွက် ကြိုတင်ပြင်ဆင်ပြုလုပ်ထားသော်လည်း မရောက်ရှိလာခဲ့ဘဲ ယနေ့မေလ ၂၀ရက်နေ့မှ ရောက်ရှိလာခဲ့ပါသည်။ ယခုတိုက်ပွဲမဖြစ်သော်လည်း ကျေးရွာထဲတွင်RCSS/SSAတပ်ဖွဲ့များ ရှိနေသောကြောင့် တိုက်ပွဲဖြစ်မည်စိုးရိမ်သဖြင့် ကြိုတင်စစ်ရှောင်လာခြင်းဖြစ်ပါသည်။ စစ်ရှောင်လာသူများအတွက် ကျောက်မဲမြို့နယ်တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့များက လိုအပ်သည်များကိုဆောင်ရွက်ပေးလျက်ရှိပါသည်။





## ပန်ဆေးရွာဘုန်းကြီးကျောင်း တအာင်းစာပေယဉ်ကျေးမှုသင်တန်းဆင်းပွဲနှင့်တအာင်းစာ ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား

၂၀၁၇ခုနှစ် မေလ ၁၂ ရက်

ကွတ်ခိုင်မြို့နယ်၊ ပန်ဆေးကျေးရွာဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသော တအာင်းစာပေယဉ်ကျေးမှုကျောင်းကို တတ်ရောက်သူကျောင်းသား/သူဦးရေ ၇၀၊ ဆရာ/မ ၁၀ ဦးနှင့်သံဃာတော် ၃ပါးတာဝန်ယူသင်ကြားပေးပါသည်။

ယနေ့မေလ ၁၂ရက်နေ့တွင် တအာင်းစာပေယဉ်ကျေးမှုကိုဖြေဆိုအောင်မြင်သူများနှင့် အထူးတန်းအောင်မြင်သူကျောင်းသား/သူ (၉)ဦးနှင့် ကိုရင်တစ်ပါးတို့အား သံဃာတော်များ၊ ကွတ်ခိုင်မြို့နယ်ရှိ တအာင်းပါတီအဖွဲ့နှင့်တကွတအာင်းစာပေယဉ်ကျေးမှု အဖွဲ့တို့မှ ဆုများအသီးသီး ချီးမြှင့်ပေးသွားပါသည်။





# မစ္စတာဆွန်ကျော့ရှန်နှင့် တိုင်းရင်းသားလက်နက်ကိုင် (၄)ဖွဲ့တို့တွေ့ဆုံဆွေးနွေးမှုများအပေါ် ရေဝတီသတင်းဌာနမှ TNLA ၊ ဒုဥက္ကဋ္ဌ ဗိုလ်မှူးချုပ် တာဂျတ်ဂျားအား ဆက်သွယ်မေးမြန်းခန်း

မေး။ ။ ၂ရက်တာ မစ္စတာဆွန်ကျော့ရှန်နဲ့ တွေ့ဆုံမှုမှာ ပြောဆိုဆွေးနွေးဖြစ်တာတွေကို ပြောပြပါဦး?။

ဖြေ။ ။ ဒီပွဲက အဓိကကတော့ သူဖိတ်တာပါ။ သူသိချင်တာက ကျနော်တို့တွေ ပန်ခမ်းစတုတ္ထအကြိမ် အစည်းအဝေးတုန်းက တစ်ယောက်စီ ပေးခဲ့တဲ့ စာတမ်းတွေကို သူသိချင်တာလို့ ပြောပြပါတယ်။ကျွန်တော်တို့ဘက်က များများတော့ မပြောဖြစ်ဘူး။ အခုနိုင်ငံရေးလမ်းကြောင်းက ဆုံးသလောက်ဖြစ်နေပြီ။ ကျွန်တော်တို့ မြောက်ပိုင်းက ၇ဖွဲ့ ပန်ဆန်းမှာ သဘောတူညီထားတာလေးတွေကို အစိုးရက လက်မခံဘူးဆိုရင် နိုင်ငံရေးလမ်းကြောင်းက ဆုံးပြီ။ ဒါကိုနိုင်ငံရေး လမ်းကြောင်းပွင့်ဖို့ ကျွန်တော်တို့က တောင်းဆိုထားတာလေးတွေ ရှိပါတယ်။

မေး။ ။ အစိုးရရဲ့ ငြိမ်းချမ်းရေးကော်မရှင်က မြောက်ပိုင်းက တိုင်းရင်းသားတပ်ဖွဲ့တွေကို တွေ့မယ်လို့ မေလ ၆ရက်က ထုတ်ပြန်ပေမယ့် NCA အရပဲ ညှိမယ်ဆိုတာပါတယ်။ တပ်မတော်ကလည်း မြောက်ပိုင်း(၃)ဖွဲ့အပေါ် သဘောထား ပြောင်းတာမရှိဘူး။ ဒီကိစ္စတွေရော ပြောဖြစ်ပါသလား?။



ဖြေ။ ။ ဒါတွေကို မပြောပြဖြစ်ဘူး။ ဒါကတော့ လမ်းဆုံးနေပြီလေ။ NCA က အလုပ်မဲ့ဖြစ်တော့ ဒါကို ကျွန်တော်တို့ မပြောဘူး။ သိပ်ကို မဆွေးနွေးဖြစ်ဘူး။ အစိုးရနဲ့ တပ်မတော်ကို တွေ့ဖို့ကို သူ(မစ္စတာဆွန်ကျော့ရှန်)ကတော့ တိုက်တွန်းပါတယ်။ တွေ့ဆုံမှပဲ လမ်းကြောင်းက ပွင့်မယ်လေ။ ကျွန်တော်တို့လည်းလက်ခံတယ်။ အဓိက အစိုးရနဲ့တပ်နဲ့ ဖိတ်ကြားမယ်ဆိုရင် ကျွန်တော်တို့လက်ခံတယ်။ အစိုးရဘက်က ၂ဖွဲ့၊ ၃ဖွဲ့ အဲ့လို ကွက်ပြီး ခေါ်ရင်တော့ ကျွန်တော်တို့တွေမှာ မဟုတ်ဘူး။ အဓိက ၇ဖွဲ့လုံးတွေ့မှပဲ ကျွန်တော်တို့ တွေ့ပါ့မယ်။

မေး။ ။ UWSA နဲ့ တပူးပေါင်းတည်းဆိုရင် တပ်မတော်ဘက်က မြောက်ပိုင်းက တပ်ဖွဲ့တွေကို မတွေ့လိုဘူးလို့ သတင်းရင်းမြစ်အချို့ဆီက သိထားရပါတယ်။ ဒီအခြေအနေတွေကိုရော ဆွေးနွေးဖြစ်ပါသလား?။

ဖြေ။ ။ အဓိကကတော့ ကျွန်တော်တို့ ၃ဖွဲ့က ဒေါက်တာတင်မျိုးဝင်းနဲ့ တစ်ခါတွေ့တယ်။ အခုလည်း တစ်ခါ။ ဒါပေမယ့် ကျွန်တော်တို့က ၇ဖွဲ့လုံးကို တွေ့မှပဲ လက်ခံမယ်။ ပန်ဆန်းမှုမှာလည်း ဒီလိုပဲ ချမှတ်ထားတယ်။ ဒါက ကျွန်တော်တို့ဘက်က ရှင်းပါတယ်။

မေး။ ။ ဒါဆိုဂုဖွဲ့လုံးကို တစ်စုတည်း အစိုးရက မတွေ့ရင်နိုင်ငံရေးလမ်းကြောင်းဆုံးပြီလို့ မစ္စတာဆွန်ကော့ရှန်ကို သတင်းစကားပါးလိုက်တာလား?။

ဖြေ။ ။ ဒီလိုပဲသက်ရောက်တာပဲ။ ဒါပေမယ့် သူကတော့ တွေ့ဆုံခိုင်းတာပေါ့။ တွေ့မှပဲ လမ်းကြောင်းက ပွင့်မယ်လေ။ အခုအစိုးရက ၁ဖွဲ့၊ ၂ဖွဲ့၊ ၃ဖွဲ့နဲ့ ခွဲခြားပြီး တွေ့တယ်။ ဒါဆိုကျွန်တော်တို့ မတွေ့ဘူး။ အားလုံးပါမှပဲတွေ့မယ်။ ဒါကိုလည်း သူ(မစ္စတာဆွန်ကော့ရှန်)အနေနဲ့တော့ကြိုးစားပေးမယ်လို့ ပြောပါတယ်။

မေး။ ။မြောက်ပိုင်းတိုင်းရင်းသားတွေဘက်ကအဖွဲ့ခွဲတွေ့တာကိုလက်မခံဘူးလို့ပြောနေပေမယ့်ဒါကိုအစိုးရ၊တပ်မတော်တို့ကလက်မခံဘူး။ ဘာ့ကြောင့်လို့ သုံးသပ်မိပါသလဲ?။

ဖြေ။ ။ ဒါက စစ်တပ်ကိုပြောမယ်ဆိုရင် တလျှောက်လုံးက တိုင်းရင်းသားတွေကို စုစည်းမှု မရှိအောင် ခွဲပြီးတော့ တွေ့ကြတယ်။ ဒါက သူ့ရဲ့ တိုက်ကွက်ပဲ။ သူ့ရဲ့ပုံစံပဲ။ ရှည်ရှည်ဝေးဝေးတွေးစရာမလိုပါဘူး။

မေး။ ။ ပန်ခမ်းက ဘုံသဘောတူထားတဲ့ အထွေထွေမူဝါဒတွေကို ပြောပြတဲ့အခါ မစ္စတာဆွန်ကော့ရှန်က ဘာတွေများ ပြန်ပြောပါသလဲ?။

ဖြေ။ ။ သူက ကောင်းကောင်းတော့ မဖတ်သေးဘူး။ သူ့ကို ကျွန်တော်တို့ကတော့ ဖတ်တော့ ဖတ်ပြတယ်။ ဒါပေမယ့် သူက ပြန်ပြီးတော့ လေ့လာသုံးသပ်မယ်ပေါ့။ သူမကြားဖူးတဲ့ အချက်တွေလည်း သူကြားတယ်ပေါ့။ သူ တချို့အပိုင်းတွေလည်း သူအံ့သြတယ်။ ဒါငြိမ်းချမ်းရေးအတွက်တော့ အထောက်အကူ ပြုမှာပေါ့။ အခုလည်း နောက်မကျပါဘူး။ သူက အစိုးရနဲ့စစ်တပ်ကို နားလည်အောင် ရှင်းပြမယ်လို့တော့ ပြောပါတယ်။

မေး။ ။ ဒီတစ်ခါ မစ္စတာဆွန်ကော့ရှန်နဲ့ တွေ့တာ ဗိုလ်မှူးချုပ်တို့အနေနဲ့ ငြိမ်းချမ်းရေးအတွက် ဘာတွေများ အထောက်အကူဖြစ်မယ်လို့ ယူဆပါသလဲ?။

ဖြေ။ ။ ကျွန်တော်တို့ရဲ့ ခံစားချက် ၊ ကျွန်တော်တို့ရဲ့ သဘောထားတွေကို သူသယ်ဆောင်ပြီးတော့ မြန်မာအစိုးရရော စစ်တပ်ကိုရော သူတို့ နားလည်အောင် ရှင်းပြပေးမယ်လို့ ကျွန်တော်တို့က မျှော်လင့်ပါတယ်။

ရောဝတီ သတင်းထောက် နန်းလွင်နှင်းပွင့်၏ မေးမြန်းမှုမှ ကောက်နုတ်တင်ပြပါသည်။

# “NCA လမ်းကြောင်းတခုတည်းပဲ သွားမယ်ဆိုရင်တော့ ခက်ခဲဦးမယ်” လို့ဆိုတဲ့ ဗိုလ်မှူးတာပါင်လ နှင့် မေးမြန်းခြင်း



မေး။ ။ဒီနေပြည်တော် ၂၁ ပင်လုံတက်ဖို့အတွက် လာဖို့ကိစ္စကို တော်တော်လေး အကြပ်အတည်းဖြစ်နေတယ်။ ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ တရုတ်ကနေပြီးတော့ကြားဝင်ဖြေရှင်းပေးတယ်လို့ ကျွန်တော်တို့သိရတယ်။ ဆိုတော့ အဲဒီဟာကို ဘယ်လို ဖြေရှင်းပြီးတော့ ဒီကိုရောက်လာလဲဆိုတာကို အရင်ဖြေရှင်းပြပေး ပါလား?။

ဖြေ။ ။စောစောတုန်းကဖိတ်စာနဲ့ ညီလာခံကျင်းပမယ်ဆိုတာ သိရှိရတာပေါ့လေ နောက်ပိုင်း ဖိတ်စာရောက်လာတယ် ဖိတ်စာရောက်လာတော့ ကျွန်တော်တို့ အဖွဲ့အစည်း(၃)ဖွဲ့ မပါသေးဘူးပေါ့လေ။ နောက်ဆုံး ၂၂ရက်နေ့မှပဲ ကျွန်တော်တို့ ဖိတ်စာရရှိတယ်။ ဒါတောင်မှ ကျွန်တော်တို့ဘက်က နားလည်ထားသလောက် သိရှိရသလောက် အထူးများများ ဒီအစိုးရဘက်က

တော့ ဖိတ်ချင်တယ်အကုန်လုံး ဒီသူတို့ရဲ့UPDJC မှာသဘောတူထားတဲ့အတိုင်း NCA မထိုးသေးတဲ့လက်နက်ကိုင် အဖွဲ့အစည်းတွေကို ဖိတ်ကြားတယ်ပေါ့လေ အထူးဖိတ်ကြားသူတွေနဲ့ ဒါပေမဲ့ ကျွန်တော်တို့(၃)ဖွဲ့ကိုတော့ မြန်မာ့တပ်မတော်ဘက်က လက်မခံချင်ဘူး အဲဟာမျိုးနည်းနည်း အဲဒီအခက်ခဲဖြစ်တာပေါ့။

အဲဒီအခက်အခဲဖြစ်တဲ့ကိစ္စကို ကျွန်တော်တို့ဘက်ကလည်း လာနိုင်အောင် ကျွန်တော်တို့ဒီတရုတ်အစိုးရကနေ ကြားဝင်ပြီးတော့ ညှိနှိုင်းပေးတာပေါ့ မြန်မာ့တပ်မတော်နဲ့ကော မြန်မာအစိုးရနဲ့ကော ညှိနှိုင်းပြီးတော့ သူတို့ရဲ့ကူညီပံ့ပိုးမှုနဲ့ ကျွန်တော်တို့ ဒီကိုရောက်ရှိတာပေါ့ ဘယ်လိုညှိနှိုင်းလဲ အသေးစိတ်ကတော့ ကျွန်တော်လဲ မသိရသေးပါဘူး။

မေး။ ။တပ်မတော်ဘက်က နောက်ဆုံးမိန့်ကြားတာကတော့ တပ်မတော်ဘက်က မီးစိမ်းပြမှလာလို့ရမယ်ဆိုပြီးတော့ အသံကြားတာ အဲတာဟုတ်ပါသလား?။

ဖြေ။ ။အဲသလောက်ထိကိစ္စကတော့ ကျွန်တော်တို့မသိရှိရဘူး ဒါပေမယ့် ပြီးခဲ့တဲ့ အတိတ်ကာလနဲ့ ပြန်ပြီးတော့ ဆက်ဆက်ကြည့်မယ်ဆိုရင် တောက်လျှောက်ကတော့ မြန်မာ့တပ်မတော်က ကျွန်တော်တို့(၃)ဖွဲ့ကို ခါးခါးသီးသီး လက်မခံဘူးပေါ့လေ နောက် NCA ခေတ်မှာလည်း NCA ထိုးခါနီး အမှန်ဆိုရင်တော့ ကျွန်တော်တို့လဲ ဒီNCA ဖြစ်လာဖို့ကြိုးစားလာကြတယ် ၂၀၁၃ ကနေစပြီးတော့ တကယ်၂၀၁၅ရောက်တော့ ကျွန်တော်တို့(၃)ဖွဲ့ကို လက်မခံတဲ့အတွက် ငြင်းပယ်ခဲ့တယ်။ ကျန်တဲ့အဖွဲ့အစည်းတွေလည်း မထိုးဖြစ်တော့ဘူး ကျွန်တော်တို့(၃)ဖွဲ့လည်း မထိုးဖြစ်တော့ဘူး။ အဲတာနဲ့ပဲ အခုတောက်လျှောက်သွားနေတဲ့ ဥပမာပြောရရင် ပြီးခဲ့တဲ့ ပင်လုံတစ်ခေါက်ကဆိုရင် ကျန်တဲ့အဖွဲ့အစည်း အကုန်လုံးဖိတ်တယ် ကျွန်တော်တို့အဖွဲ့အစည်း(၃)ဖွဲ့ကို မဖိတ်ဘူးဆိုတော့ အဓိကက ဒီနေ NLD ဆိုရင်လဲ တောက်လျှောက် ဒီမိုကရေစီအစိုးရဖြစ်ဖို့ ကြိုးပမ်းလာခဲ့တယ် ကျွန်တော်တို့ရဲ့ (Aim)ရည်ရွယ်ချက်ကလည်း သိပ်မကွာလှဘူး ကျွန်တော်တို့လည်း ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်ချင်တယ်။

မြန်မာနိုင်ငံကို သူတို့ဘက်ကလည်း အဲလိုဖြစ်ချင်တော့ ကန့်ကွက်စရာအကြောင်းမရှိဘူး ကျွန်တော်တို့ဘက်က အဲလိုပဲနားလည်တယ် သူတို့ရွေးကောက်ပွဲနိုင်တာလဲ ကျွန်တော်တို့ကကြိုဆိုတယ် ဆွေးနွေးဖို့လမ်းကြောင်းပွင့်သွားလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ယုံကြည်တာပေါ့လေ ဒါပေမဲ့ တကယ်အခက်အခဲဖြစ်နေတာက မြန်မာ့တပ်မတော်။ မြန်မာ့တပ်မတော်ဆိုတာထက် တိတိကျကျပြောရရင်တော့ ၂၀၀၈ ဖွဲ့စည်းပုံပေါ့ ၂၀၀၈ ဖွဲ့စည်းပုံအရက အစိုးရကို အာဏာအများကြီးပေးမထားဘူး ဒီအထူးသဖြင့် လုံခြုံရေးနဲ့ ပါတ်သတ်တဲ့ဟာပေါ့ အခုပဲကြည့် ပြည်ထဲရေး၊ ရဲတွေ၊ အကုန်အကျဉ်းထောင်တွေ၊ ဗကသတွေကအစ ဒီကာကွယ်ရေးတွေ တပ်မတော်ကပဲကိုင်ထားတယ် အဲတာကလည်း ၂၀၀၈ ဖွဲ့စည်းပုံက သူ့အာဏာအပ်နှင်းထားတယ်။ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကြောင့် ဒီငြိမ်းချမ်းရေးကိစ္စမှာ အပစ်အခတ်ရပ်စဲရေးကိစ္စထဲမှာ နိုင်ငံရေးကိစ္စထဲမှာ တပ်မတော်က ပိုပြီးတော့ဩဇာအာဏာရှိတယ်။ အာဏာရှိတော့သူက ဘယ်လောက်ထိ နိုင်ငံရေးဆန္ဒပေါ့လေ ဘယ်လောက်ထိနိုင်ငံကို ငြိမ်းချမ်းချင်သလဲ ဘယ်လောက်ထိဒီနိုင်ငံကို ဖွံ့ဖြိုးတိုးတက်ချင်သလဲ သူ့ပေါ်မှာမူတည်ပြီးတော့ သူဆုံးဖြတ်သလိုဖြစ်တာပေါ့။

ကျွန်တော်တို့(၃)ဖွဲ့ပေါ်မှာလည်းအဲလိုပဲ သူကဘယ်လောက်ထိ ဒီတကယ့်မြေပြင်မှာ တိုက်ပွဲတွေရပ်သွားဖို့ ဘယ်လောက်ထိဆန္ဒရှိလဲ လူတွေအများကြီး ခေါ်ပြီးတော့ဒီလိုလုပ်တဲ့ အရောင်ပြခြင်းက သူ့ရဲ့ဆန္ဒပေါ့လေ သူ့ပေါ်မှာမူတည်တယ် ပွဲတွေအများကြီးလုပ်ပြီးတော့ အဖြေထွက်မလာတာမျိုးလုပ်မလား အမှန်တကယ်ဆိုရင်တော့ ဒါတကယ်တိုက်ပွဲဖြစ်နေတာ ကျွန်တော်တို့(၃)ဖွဲ့ အမှန်တကယ် ဘယ်လောက်ပဲ NCA ပဲထိုးထိုး အရင်တုန်းက စာချုပ်တွေပဲထိုးထိုး တကယ့်မြေပြင်မှာက ဖြစ်နေတဲ့အဖွဲ့အစည်းတွေနဲ့ သွားရောက်ပြီးတော့ မတွေ့ဆုံနိုင်၊ စကားမပြောနိုင်ဘူးဆိုရင်တော့ တကယ်နိုင်ငံအပစ်အခတ်ရပ်စဲဖို့ သေနတ်သံတွေရပ်စဲသွားဖို့ကတော့ ခက်ခဲတယ်။ အဲတာကြောင့်မို့လို့ တပ်မတော်ပေါ်မှာပဲမူတည်ပါတယ်။

မေး။ ။အခုဒီကိစ္စ ဒီမှာဖွင့်ပေးလိုက်ပြီးတဲ့အချိန်ကလေ မြောက်ပိုင်းအဖွဲ့ အထူးသဖြင့် AA ကထုတ်တဲ့ statementမှာ တွေ့လိုက်တယ် အဲတာဘာလဲဆိုတော့ ဒီအဖွဲ့တွေ နေပြည်တော်၂၁ ပင်လုံတက်ဖို့အတွက် တရုတ်က တွန်းအားပေးလို့ ဒီလိုရွေးချယ်လိုက်ရတယ် ဆိုတဲ့ဟာမျိုး ရေးထားတာတွေ့ရတယ် ဆိုတော့ အဲဒီတွန်းအားပေးတယ်ဆိုတာ ဘယ်လိုပုံစံမျိုးလဲ ဒီကိုတက်ဖို့အတွက် တွန်းအားပေးတယ်ဆိုတာ?။

ဖြေ။ ။တွန်းအားပေးတယ်ဆိုတာထက် ဒီကျွန်တော်တို့နားလည်သိရှိရသလောက်ကတော့ သူတို့ဘက်က မေတ္တာရပ်ခံတယ်။ မေတ္တာရပ်ခံချက်ပေါ့လေ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တအောင်းဒေသမှာရော၊ ကချင်မှာရော၊ ကိုးကန့်မှာရော သူတို့က တောက်လျှောက်က (Border)နယ်စပ်တွေမှာပဲ သူတို့ကရှိနေတာကိုး။ (၂၀၁၁-၁၂)ကာလ ကစပြီးတော့ တောက်လျှောက် တိုက်ပွဲစဖြစ်လာတယ် တိုက်ပွဲစဖြစ်လာတော့ သူတို့ဘက်ကလည်း ဒီနယ်စပ်တည်ငြိမ်ရေး (Border Stable)ထိခိုက်တယ်လို့ သူတို့ဘက်က အဲလိုမျိုးမြင်တယ်။ ပြီးရင် အခု လတ်တလောကျင်းပသွားတဲ့ဒီ(One belt Way, One Road)ဖိုရမ်လည်း ရှိထားတယ်ဆိုတော့ သူတို့ဘက်ကလည်း ဒီပိုးလမ်းမကိစ္စလည်း မြန်မြန်ဖြစ်စေချင်တယ်။ မြန်မြန်လုပ်ချင်တယ်။

လုပ်ချင်ပေမဲ့လည်း ဒီ(Border)မှာက ဒီနယ်စပ်မတည်ငြိမ်မှု ဖြစ်နေတယ်ဆိုရင်တော့ ဒီသူတို့ရဲ့စီမံကိန်းကလည်း စတင်ဖို့ခက်ခဲမယ်။ ဆိုတော့ ကျွန်တော်တို့ သိရှိရသလောက်ဆိုရင်တော့ အဲဒီစီမံကိန်းတော်တော်များများက အထူးသဖြင့်လမ်းစီမံကိန်း တရုတ်ပြည်ဘက်မှာ သူကအဆင့်သင့်လုပ်ပြီးသွားပြီ မြန်မာပြည် မငြိမ်းချမ်းသေး၍သာလျှင် မြန်မာနိုင်ငံဘက်ကိုသွားလို့မရသေးတာ အထူးသဖြင့် ကျွန်တော်တို့ ဘက်ကဆိုလျှင် နမ့်ခမ်း-မူဆယ်လေးဘက် ဆင်းသွားတဲ့လမ်းဆိုရင် တရုတ်ပြည်ဘက်က ပြီးခဲ့တဲ့နှစ်လောက်ကတည်းက အဆင့်သင့်ဖြစ်နေပြီ ဒါပေမဲ့ မြန်မာနိုင်ငံဘက်က မငြိမ်းချမ်းတော့ ကျွန်တော်တို့အဖွဲ့ဆိုရင် နမ့်ခမ်းတို့ဘက်တို့ဖြတ်ရမယ်ဆိုရင် ကျွန်တော်တို့ TNLAတွေရှိတယ်။ ဆိုတော့ ကျွန်တော်တို့လည်း တောက်လျှောက် ဒီမြန်မာအစိုးရနဲ့ မြန်မာ့တပ်မတော်နဲ့ တိုက်ပွဲတွေဖြစ်နေတယ်။ အဲလိုတိုက်ပွဲတွေဖြစ်နေရင်

အခုတောင်မှ သူတို့ဘက်က နှစ်နှစ်တောင်ရှိပြီ ဆိုင်းငံ့ထားတယ် ဟိုဘက်ကိုဆက်သွားလို့မရသေးဘူး နိုင်ငံငြိမ်းချမ်းသွားပြီ သေနတ်သံတွေ ဆဲသွားပြီဆိုရင်တော့ သူတို့ရဲ့စီမံကိန်းတွေ လုပ်လို့ရသွားမယ်။

သူတို့ဘက်က အဲလိုမျိုးမြင်လို့ ကျွန်တော်တစ်ဦးရဲ့သုံးသပ်ချက်ပေါ့လေ သူတို့ရဲ့တစ်ဖက်တည်းမှာလည်း ဒီနယ်စပ်တည်ငြိမ်ရေး ၊အကျိုးစီးပွားကိစ္စရော တစ်ဖက်တည်းမှာပဲ သူတို့ရဲ့ရေရှည်လုပ်ချင်တဲ့ ပိုးလမ်းမကိစ္စတွေကို လုပ်ချင်တာလည်းပါမယ် အထူးသဖြင့် အရောင်း အဝယ်ကိစ္စမှာလည်း မြောက်ပိုင်းမှာ တိုက်ပွဲခဏခဏဖြစ်နေတော့ ဒီကုန်စည်ကလည်း အရင်လိုမလည်ပတ်နိုင်ဘူး။ ကုန်စည်တွေရပ်တန့်တာ မျိုးတွေရှိတယ်။ တော်တော်လေးကျသွားတာမျိုးတွေရှိတယ် ကုန်စည်တင်သွင်းမှုတွေ လည်ပတ်မှုတွေ အဲတာကြောင့်မို့ သူတို့ဘက်ကလည်း သေနတ်သံမြန်မြန်ဆဲချင်တယ်။ သေနတ်သံငြိမ်းချမ်းသွားရင် (Border)မှာလည်း တည်ငြိမ်မှုတွေဖြစ်လာမယ် သူ့ဘက်ကရေရှည်လုပ်မယ့် ခုနပိုးလမ်းမကိစ္စတွေလည်း မြန်မြန်အဆင်ပြေသွားမယ် ပြီးတော့က ဒီကုန်စည် အထူးသဖြင့်က ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဓိကနိုင်ငံခြား ပို့ကုန်က တရုတ်ဘက်ပဲ ပို့ကြတာကိုး ဆိုတော့ မူဆယ်လမ်းကြောင်းက သေနတ်သံဆဲသွားပြီဆိုရင် ကောင်းကောင်းပြန်လုပ်လို့ ရမယ် ကုန်စည်ဒီထက်ပိုပြီးတော့ လည်ပတ်ပြီးတော့ ရေရှည်နှစ်ဖက်နိုင်ငံ နှစ်ခုစလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း ပိုဖြစ်လာမယ်အဲလိုမျိုး ယုံကြည်တယ်။

မေး။ ။အထူးသဖြင့် သူတို့ရဲ့အကျိုးစီးပွားရေးနဲ့ပတ်သက်တဲ့ဟာပေါ့လေအခုဒီ ၂၁ ပင်လုံတက်ဖို့အတွက် တရုတ်နဲ့မဟာမိတ် အဖွဲ့တွေ မြောက်ပိုင်းမဟာမိတ်အဖွဲ့တွေကြားမှာ ဘယ်လိုကတိကဝတ်တွေရှိခဲ့လည်း ဒီမှာတတ်ရင် ဘာတွေဆွေးနွေးမှာလဲ၊ ဘယ်လို position ဆိုတဲ့ဟာ မျိုးတွေ ကတိကဝတ်တွေရှိခဲ့တယ်လို့ သိရတယ် အဲ့ဒါဘာလဲ?။

ဖြေ။ ။ကတိကဝတ်တွေဆိုတာထက် သူတို့ဘက်ကတော့ အကောင်းဆုံးကြိုးပမ်းလိမ့်မယ် ကျွန်တော်တို့ရဲ့ သွားလာမှုတွေအဆင်ပြေသွား အောင် အထူးသဖြင့် မြောက်ပိုင်းမဟာမိတ် ကချင်၊ ကိုးကန့် ၊အေအေ ကျွန်တော်တို့လေးဖွဲ့ဟာ တောက်လျှောက်ကိုတိုက်ပွဲတွေဖြစ်နေတာ တိုက်ပွဲဖြစ်နေတာက ဒီသူတို့ဘက်က လုံခြုံမှုမပေးနိုင်ဘူးဆိုရင် လာဖို့တော်တော်ခက်ခဲပါတယ်။ လုံခြုံရေးအရ အင်မတန်မှအကျပ်အတည်း ဖြစ်နေတဲ့ ကိစ္စဆိုတော့ သူ့ဘက်ကလုံခြုံရေးကအစ ဒီမှာနေတာတည်းခိုတာ စားတာအစ သူတို့ဘက်က လုံခြုံမှုပေးမယ်လို့တော့ ပြောတာမျိုး ရှိတယ်။ပြီးတော့ တစ်ခြားလုပ်ငန်းညှိနှိုင်းစရာရှိတဲ့ကိစ္စလည်း သူတို့ဘက်ကတတ်နိုင်သမျှ အကောင်းဆုံးကြိုးပမ်းပေးမယ် အဲ့လိုမျိုးပြောထား တာတော့ ရှိပါတယ်။

မေး။ ။ဒီမှာစာတမ်းတင်ခွင့်ရမှာလား မြောက်ပိုင်းအဖွဲ့တွေနဲ့ တစ်စောင်ထဲတင်မယ်လို့ပြောတယ် ဒါမှမဟုတ် တစ်ဖွဲ့တစ်စောင်စီးလား ဘယ်လိုပုံစံမျိုးလဲ။

ဖြေး။ ။ကျွန်တော်အခု ဖိတ်တာတော့ အစိုးရဘက်ကဖိတ်တာကတော့ တစ်ဖွဲ့ချင်းဖိတ်တာပေါ့လေ။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ကော်မတီစုဖွဲ့ထားတယ်ဆိုတော့ ကော်မတီအနေနဲ့လာကြတာပေါ့ အခုလာကြတဲ့ကိုယ်စားလှယ်တွေ အကုန်လုံးကလည်း ကော်မတီအဖွဲ့ဝင် တွေပေါ့ ကျွန်တော်တို့အဖွဲ့ဆိုရင် လေးယောက်ထဲကနှစ်ယောက် ဒါကျွန်တော်တို့ လာတာဖြစ်တယ် ကော်မတီအနေနဲ့လာတယ် ဆိုတော့ တကယ် စာတမ်းတင်ခွင့်ရခဲ့မယ်ဆိုရင်လည်း ကော်မတီအနေနဲ့ဘဲ ကျွန်တော်တင်ပြသွားဖို့ရှိပါတယ်။

မေး။ ။အဲ့ဒီ တောင်းဆိုမယ့် အချက်တွေထဲမှာ ဘာတွေပါမှာလဲ? ။

ဖြေ။ ။အဲ့ဒီ အချက်အလက်ထဲကတော့ ပြောခွင့်မရှိသေးဘူး။

မေး။ ။ဒီမှာ တတ်ရမယ့်ရက်က ကျွန်တော်တို့နားလည်ထားတာ ဒီမှာပထမဆုံးနေ့ကနေ နောက်ဆုံးနေ့ထိ တတ်မယ်လို့ ထင်ခဲ့တယ်လေ အခုအခြေအနေက ဘယ်လိုမျိုးလည်း ဘယ်လိုပုံစံတတ်ကမလဲ ဒီမြောက်ပိုင်းမဟာမိတ်အဖွဲ့တွေနဲ့ နောက်ဒီအဖွဲ့ကရော။

ဖြေ။ ။ကျွန်တော်တို့ ဖိတ်စာရတာကလည်း တက်ဖို့ရထားတာဖြစ်တယ် ဒါပေမဲ့ ဖြစ်နေတာတစ်ခုက ကျွန်တော်တို့မဟာမိတ် KIA/ MNDAA/AA။ AAရတဲ့ဖိတ်စာက တစ်ခုလုံးတတ်ဖို့ဖိတ်စာမရဘူး ဖွင့်ပွဲနဲ့ဂုဏ်ပြုညစာစားပွဲဘဲ ပါတယ်ဆိုတော့ အဲ့ဒီမှာအခက်ခဲတော့ နည်းနည်းရှိတယ်။ ဆိုတော့ ဘာဖြစ်ဖြစ် ကျွန်တော်တို့ဘက်ကတော့ ဆက်လက်ပြီးတော့ စာတမ်းတင်ခွင့်ရအောင် တက်ရောက်ပြီးတော့ ဆွေးနွေးခွင့်ရအောင်ကျွန်တော်တို့ ကြိုးစားနေတယ်။

မေး။ ။တပ်ချုပ်ရဲ့ ဒီနေ့မနက်ပြောတဲ့ တပ်ချုပ်ရဲ့မိန့်ခွန်းထဲမှာ ဒီလိုတာထက်ပိုပြီးကျော်လွန်တဲ့ တောင်းဆိုမှုတွေရှိတယ် ဆိုပြီးတော့ ပြောသွားတာတွေရတယ် ဒီတပ်ချုပ်ရဲ့မိန့်ခွန်းအပေါ်မှာ ဘယ်လိုမြင်လဲ။

ဖြေ။ ။အဲ့ဒါတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပြဿနာတစ်ခု ဟိုမှာကျွန်တော်တို့ ဖက်ဒရယ်ပြည်ထောင်စုပြောကြတယ် ကျွန်တော်ဘက်က ဟိုအရင်ဆိုရင် ထိုင်းနယ်စပ်နေကြတော့ ဖက်ဒရယ်ဖွဲ့စည်းပုံတောင်ရေးဆွဲထားတာမျိုးရှိတယ် ကျွန်တော်ဘက်က တိုင်းရင်းသားတွေဘက် ကရော တစ်ခြားနိုင်ငံရေးပါတီဘက်ကနားလည်တဲ့ federalismကို နားလည်မှုမတူကြဘူး။ ဆိုတော့ ကိုယ်ပိုင်ပြဌာန်းခွင့်မှာလည်း ကျွန်တော် တို့ဘက်နားလည်တဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကဘယ်လိုလည်း နိုင်ငံတော်ဘက်က နားလည်ထားတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်က ဘယ်လိုလည်း ကျွန်တော်တို့ပူးပေါင်းပြီးတော့ အဓိပ္ပါယ်တစ်ခု အားလုံးနားလည်လက်ခံသဘောပေါက်တဲ့ ဒီနားလည်ချက်တစ်ခု ကျွန်တော်တို့မှာ မရှိကြ

သေးဘူး။ မရှိကြသေးတဲ့အတွက် မြန်မာ့တပ်မတော်ဘက်ကလည်းပိုတောင်းတာလည်းပြောရင်ပြောမယ် ကျွန်တော်တို့ဘက်လည်း လျှော့တောင်းမိတာလည်း ပြောရင်ပြောမယ် ဒါအားလုံးနားလည်တဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်က မရှိကြသေးဘူး အားလုံးသဘောတူတဲ့ တစ်ခုပေါ့လေ။

မေး။ ။ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းပေါ်မှာရော အားလုံးလက်ခံနိုင်တဲ့ အနေအထားရှိလား?။

ဖြေ။ ။ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကတော့ကောင်းတဲ့အပိုင်းတွေအများကြီး တွေ့ရပါတယ်၊ ဒါပေမယ့် ခက်နေတာတစ်ခုက NCA လမ်းကြောင်းက တစ်ခုပြောရမယ်ဆိုရင်တော့ အခုချိန်ထိ ကျွန်တော်တို့လက်မခံသေးဘူး။ NCA ထိုးဖို့ဘာဖို့လက်မခံသေးဘူး လက်မခံသေးတော့ ကျွန်တော်တို့လည်းပြောရမယ်ဆိုရင် ဒီနှစ်၂၀၁၇နှစ်ကူးပိုင်းလောက်ထိက UNFC တောင်းဆိုချက်နဲ့အတူ တကယ်လို့ထိုးခွင့်ရမယ်ဆိုရင် ထိုးဖို့ပြင်ဆင်ထားတာမျိုးရှိတယ်။ သို့သော် မြန်မာ့တပ်မတော်ဘက်က အစိုးရဘက်က လက်မခံတဲ့ အဲ့ဒီလမ်းကြောင်းကို မလိုက်တော့ဘဲနဲ့ တစ်ခြားလမ်းကြောင်းတစ်ခုနဲ့ ပြန်ချဉ်းကပ်ရတာပေါ့။ ကျွန်တော်တို့သွားနေတဲ့ NCA လမ်းကြောင်းနဲ့ ချဉ်းကပ်တယ် ၂၀၁၃/၂၀၁၄/၂၀၁၅/၂၀၁၆/၂၀၁၇နှစ်ဦးပိုင်းထိ ချဉ်ကပ်ခဲ့တယ် ဒါပေမဲ့အဆင်မပြေဘူး။ အဆင်မပြေတဲ့အတွက် ကျွန်တော်တို့ တစ်ခြားအဆင်ပြေနိုင်မယ့် လမ်းကြောင်းတစ်ခုလို့ ယူဆတဲ့လမ်းကြောင်းတစ်ခုနဲ့ ပြန်ချဉ်းကပ်တယ်။

ပြန်ချဉ်းကပ်တဲ့ အခါကျတော့ အဲ့ဒါလည်း ဒီကနေ့မနက်ပြောပုံအရဆိုရင်တော့ သူတို့အစိုးရဘက်က တပ်မတော်ဘက်က လက်မခံဘူး။ အဲဒီလိုအဓိပ္ပါယ်နားလည်တယ်ဆိုတော့ NCAလမ်းကြောင်းဘဲ ဆက်သွားမယ်ဆိုရင်တော့ ကျွန်တော့်တို့ ဒီအပစ်ခတ်ရပ်စဲရေး တစ်နိုင်ငံလုံးအတိုင်းအတာ တကယ်လွှမ်းခြုံတဲ့၊ တကယ်သေနတ်သံတွေ တိတ်သွားတဲ့အနေထားမျိုးကတော့ တော်တော်ဝေးအုံးမယ်။ တော်တော်ခက်ခဲအုံးမယ် အဲ့လိုမျိုးယူဆတယ်။ NCA လမ်းကြောင်းအစား တစ်ခြားလမ်းကြောင်းတစ်ခုထဲကို မပိတ်ထားဘဲနဲ့တစ်ခြား ကျွန်တော်တို့နိုင်ငံငြိမ်းချမ်းဖို့၊ သေနတ်သံရပ်စဲသွားဖို့ လမ်းကြောင်းရှိသမျှ ဖြစ်နိုင်သမျှလမ်းကြောင်းတွေ အကုန်လုံးကိုဖွင့်ထားဖို့လိုအပ်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ NCA လမ်းကြောင်းတစ်ခုထဲနဲ့ဘဲ သွားနေမယ်ဆိုရင်တော့ ခက်ခဲနေအုံးမယ်။

မေး။ ။ဒီလာဖို့ကိစ္စအပါအဝင်ပေါ့လေ တရုတ်ကကူညီနေတဲ့အခါမှာ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ကူညီနေတာဟာ သူတို့ရဲ့အကူညီက ရိုးသားတယ်လို့ ပြောလို့ရမလား?။

ဖြေ။ ။ကျွန်တော်တို့အမြင်ကတော့ ရိုးသားတယ်လို့ဘဲမြင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့တောက်လျှောက်က ၂၀၁၀ မတိုင်ခင်က မြောက်ပိုင်း မြန်မာနဲ့တရုတ်နယ်စပ်မှာ သေနတ်သံတွေ ပြန်မပေါက်ခင်သူတို့ဘက်က စီးပွားရေးအကျိုးမြတ်တွေ စီးပွားရေးကုန်စည်စီးဆင်းမှုတွေရော သူတို့နဲ့မြန်မာ့နိုင်ငံဆက်ဆံရေးရော အဆင်ပြေနေတယ်ပေါ့လေ။ သို့သော် ၂၀၁၀ နောက်ပိုင်း သေနတ်သံပြန်ပေါ်ပေါက်လာတဲ့အချိန်မှာ တော်တော်လေး ဆက်ဆံရေးတွေလည်း ထိခိုက်လာတယ် ကုန်စည်စီးဆင်းမှုတွေလည်း ထိခိုက်လာတယ်။ ထိခိုက်လာတဲ့ပေါ်မှာ သူ့နိုင်ငံရဲ့အကျိုးစီးပွားကို ကြည့်ပြီးတော့ ကူညီတယ်။ အဲ့လိုတော့ကျွန်တော်တို့မြင်တယ်။

မေ။ ။ ဒီညီလာခံတက်ခြင်းအားဖြင့် တိုက်ပွဲတွေလျော့ကျသွားနိုင်တဲ့အခြေအနေတွေရှိလား အပြောင်းအလဲ ဘာတွေ ဖြစ်သွားမယ်လို့ မျှော်လင့်လဲ?။

ဖြေ။ ။ကျွန်တော်တို့ TNLA ဆိုရင်၂၀၁၃ ဇွန်လမှာတစ်ခါ အစိုးရနဲ့တွေ့ဖြစ်တယ် ပြည်နယ်အဆင့် UPWC နဲ့။ ဒါပေမယ့် အဲ့ဒီနောက်ပိုင်းမှာတော့ လမ်းကြောင်းကပိတ်သွားတယ်၊ တရားဝင်တွေ့ဆုံတဲ့အနေထားက အခုဒီကို မလာတဲ့အချိန်ထိပေါ့လေ လမ်းကြောင်းကပိတ်နေတယ်။ အဲ့ဒီအနေအထားမျိုးမှာ ကျွန်တော်တို့လာလိုက်တော့ ဖိတ်စာလည်းရတယ်။ ဖိတ်စာရတော့ ပူးပေါင်းဆောင်ရွက်လိုက်တဲ့အတွက် ဒီနိုင်ငံရေးလမ်းကြောင်း ဆွေးနွေးမှုဆက်လက်ပြီး ဆွေးနွေးနိုင်မယ့်လမ်းကြောင်း ပွင့်သွားမယ်လို့လည်း ကျွန်တော်ယုံကြည်တယ်။ နောက်တစ်ခုက အထူးသဖြင့် တိုက်ပွဲကိစ္စမှာတော့ ဒီကနေ့မနက်ထိကိုတိုက်ပွဲက ကျွန်တော်တို့ဆီမှာ ဖြစ်နေတယ်ဆိုတော့ ဒီကနေ့မနက်ဆို တိုက်ပွဲက (၂) ကြိမ်ဖြစ်ပွားပြီးပြီ။

ကျွန်တော်တို့ဘက်ကမျှော်လင့်တာတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာဆိုရင် နစ်ခုစလုံးနဲ့ပြောမှပြည့်စုံမယ် အစိုးရနဲ့ပြောလို့မပြည့်စုံဘူးဆိုတော့ အစိုးရနဲ့တပ်မတော် သူတို့လုပ်နေတဲ့ (၂၁)ပင်လုံကို ပူးပေါင်းဆောင်ရွက်လိုက်ခြင်းအားဖြင့် တဖြည်းဖြည်းကျွန်တော်တို့ဆီမှာဖြစ်ပျက်နေတဲ့တိုက်ပွဲတွေ သူတို့ဘက်က ထိုးစစ်ဆင်မှုတွေလျော့ကျလာဖို့တော့ ကျွန်တော်မျှော်မှန်းတယ်။ ဒါပေမယ့် အခုချိန်ထိတော့ မလျော့ကျသေးဘူး။ ဒီကနေ့မနက်ကဘဲ တိုက်ပွဲကဖြစ်ပွားနေတုန်း။ တောက်လျှောက် နေရာအနှံ့မှာလည်းကျွန်တော်တို့ကို ထိုးစစ်တွေဆင်နေတာမျိုးတွေရှိတယ်။ ဒီနောက်ပိုင်းမှာဆိုရင်တော့ ပြီးခဲ့တဲ့နှစ်ကစပြီးတော့ နောက်ထပ်အခက်ခဲတစ်ခုက မြန်မာတပ်မတော်နဲ့ RCSS ပူးပေါင်းပြီး ကျွန်တော်တို့ကို ထိုးစစ်ဆင်တာမျိုးလေးတွေ အခုချိန်ထိရှိနေသေးတယ်။ မလွယ်သေးဘူး ဒါပေမယ့် ကျွန်တော်တို့အကောင်းဆုံးမျှော်လင့်ပါတယ်။ တိုက်ပွဲတွေလျော့ကျသွားဖို့၊ ထိုးစစ်ဆင်မှုတွေ လျော့ကျပြီးတော့ တစ်ဖြည်းဖြည်း ရုပ်သိမ်းသွားဖို့မျော်လင့်ပါတယ်။

စာမျက်နှာ ၉ မှ အဆက်

လိုက်ကတည်းက ဘိန်းထုတ်လုပ်မှု နှစ်ဆတိုးတက်လာရာ တစ်နှစ်လျှင် တန်(၂၀၀၀)ထုတ်လုပ်လျှက်ရှိသည်။ ထိုအချိန်မှာ အမေရိကန်နိုင်ငံခြားရေးဌာနက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တရားမဝင် ဘိန်းထုတ်လုပ်မှု အကြီးဆုံးဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။ ဘိန်းထုတ်လုပ်မှုမှာ တပ်မတော်မှ အရာရှိများစွာ ပါဝင်ပတ်သက်သည်ကိုလည်း နိုင်ငံရေးဌာနများ၏ စွပ်စွဲချက်များထဲတွင်ပါဝင်နေသည်။

တပ်မတော်အရာရှိများစွာ လျှင်မြန်စွာကြီးထွားနေသော မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် စိုက်ပျိုးမှုကို တိုက်ဖျက်ရန် စိုးရိမ်နေကြသည်မှာ သံသယဖြစ်စရာမရှိပေ။ အဓိက ဘိန်းထုတ်လုပ်စခန်းနှင့် ဖြန့်ဖြူးရေး စခန်းများက အစိုးရထိန်းချုပ်မှုဧရိယာများသို့ ရောက်ရှိခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အပစ်အခတ် ရပ်စဲထားသည့် လူမျိုးစုအဖွဲ့များနှင့်တစ်ချို့လက်နက်ကိုင်များက မူးယစ်ဆေးဝါးထုတ်လုပ်မှုရောင်းဝယ်မှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေကြသည်။ တစ်နည်းအားဖြင့် နဝတအစိုးရ၏ နိုင်ငံရေးလှည့်စားမှုနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားအောင် တမင်လှည့်စားပြီး အကွက်လုလုလေးနှင့် ဇာတ်ဆင်သော နိုင်ငံရေးလှည့်စားမှုကြီးတစ်ခုသာ ဖြစ်နေကြသည်။

မြန်မာနိုင်ငံတော်အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို ကိုလိုနီနယ်ချဲ့တို့က စတင်မျိုးစေ့ချပေးခဲ့ပြီး အာဏာရှင်အစိုးရတို့က နိုင်ငံရေးပယောဂယှက်နွယ်ကာ ပိုမိုနက်ရှိုင်းကျယ်ပြန့်အောင် ဖန်တီးခဲ့မှုဖြစ်ရပ်မှန်များစွာ ပြမှုဆောင်ရွက်လာခဲ့ကြသည်။ နိုင်ငံရေးအခင်းအကျင်းနှင့်



အာဏာရှင်လက်အောက်မှ မူးယစ်သားကောင်ဖြစ်လာခဲ့သည်။

မူးယစ်ဆေးဝါးအရိပ်မဲကြီး ကြီးထွား လာနေသည့်အတွက်ကြောင့် နိုင်ငံတကာ၏ ဝေဖန်ပြစ်တင်ရှုတ်ချခြင်းများ ခံခဲ့ရပါသည်။ နိုင်ငံတကာ၏ ပိတ်ဆို့မှုအမျိုးမျိုးနှင့် ဒဏ်ခတ်မှုအမျိုးမျိုး အာဏာရှင်အစိုးရက ကြုံတွေ့နေရပါသည်။ မြန်မာအစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းနှင့် မူးယစ်ဆေးဝါးပပျောက်ရေး စစ်ဆင်ရေးဆောင်ရွက်ခဲ့သည့် ပေါ်လစီသည် နိုင်ငံတကာ၏စိတ်ဝင်စားမှုရရှိနိုင်ရန် နိုင်ငံတကာ၏ အထင်ကြီးခံရမည့် ပေါ်လစီသာဖြစ်သည်။ တကယ်တမ်း၌ မြန်မာအရာရှိများသည် ဘိန်းထုတ်လုပ်မှုကို အားပေးသည်။ ယင်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားကို ပြုလုပ်ပေးနိုင်သည့်အတွက်ဖြစ်သည်ဟုဖော်ပြရပါမည်။ မူးယစ်ဆေးဝါးနှင့်ကြီးပွားချမ်းသာမှုကို ဂုဏ်ယူဝင့်ကြွားကြသည့် ထိပ်တန်းပုဂ္ဂိုလ်နှင့် ခေတ်ပျက်သူဌေးများ မြန်မာနိုင်ငံသည် အခြားသောနိုင်ငံထက်ပို၍ များနေသည်ကိုလေ့လာတွေ့ရှိရပါသည်။

တိုင်းရင်းသားဒေသတိုင်းမှာ နဝတအစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်နှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး မဟာဗျူဟာပုံစံသည် တောင်တန်းဒေသသို့ စစ်ဖက်တိုးချဲ့ရန်၊ တိုင်းရင်းသားဒေသတို့ ထိန်းချုပ်နိုင်ရန်အတွက်သာဖြစ်သည်။ ထိုမဟာဗျူဟာကြောင့် တိုင်းရင်းသားဒေသအချို့မှာ ယနေ့ထိ မူးယစ်ဆေးဝါးပြဿနာနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာတွေနဲ့ ယှက်နွယ်နေတဲ့အပြင်ရိုးသားဖြူစင်ပြီး ဖွံ့ဖြိုးမှုနောက်ကျတဲ့ နယ်စပ်ဒေသက တိုင်းရင်းသားလူမျိုးများနဲ့ပါ ဆက်စပ်နေတဲ့အတွက် အလွန်ခက်ခဲနက်နဲသည့် ဆိုးမွေဖြစ်ပြီး သိမ်သိမ်မွေ့မွေ့ အချိန်ယူဆောင်ရွက်ရမည့်ပြဿနာကြီးတစ်ခု ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေးဟာ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်း လုံးညီညွတ်မှုတိုးပွားခိုင်မာရေး တို့နှင့် ဆက်စပ်ယှဉ်တွဲနေသည့်အပြင် ဒေသဖွံ့ဖြိုးရေးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားတို့ရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘဝဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်လည်း ဆက်စပ် ယှက်နွယ်နေသည်ကို တိုင်းရင်းသားပြည်သူအားလုံး နလုံးသားထဲမှာ နားလည်လက်ခံထားရှိခဲ့ကြသည်။

လူသားမျိုးနွယ်ကို လူညွန့်တုံးစေသော ကြောက်မက်ဖွယ် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူတစ်ရပ်လုံး မျက်ဝါးထင်ထင်သိမြင်နားလည်ပြီး ရှောင်ရှားနိုင်စေသလို မူးယစ်ဆေးဝါးနှင့်ရောယှက်နေတဲ့ နိုင်ငံရေးရဲ့လှည့်စားမှုကြီးကိုလည်း နားလည်ရှောင်ရှားနိုင်ရစေမည်။ မူးယစ်ဆေးဝါး ပပျောက်အောင် ဝိုင်းဝန်းတိုက်ဖျက်နေသကဲ့သို့ နိုင်ငံရေးလှည့်စားမှုကြီးကိုလည်း စည်းလုံးမှုဖြင့် ဝိုင်းဝန်းအံတုပြုပြင်ရင်း အေးချမ်းသာယာသော လူမှုအသိုက်အဝန်းနှင့် တောင်တန်းမြေပြန့်မခွဲခြားသော နိုင်ငံရေးအုပ်ချုပ်မှုစနစ်အောက် လူ့သိက္ခာပြည့်ဝသော ရှင်သန်မှုနှင့်ခရီးဆက်နိုင်ကြပါစေ........။

မိုင်းနောရှိန်း

# တအာင်းဒေသတိုက်ပွဲနေ့စဉ်ဖြစ်ပွားမေလ (၁၀)ရက်နေ့တိုက်ပွဲတွင် ရန်သူ့အလောင်းနှင့် လက်နက်ခဲယမ်းများသိမ်းဆည်းရမိ

၂၀၁၇ ခုနှစ် မေလ ၁၁ ရက်

မြန်မာ့တပ်မတော်သည် ဧပြီလစတုတ္ထပတ်မှ စတင်ကာ တအာင်းဒေသအတွင်းသို့ တပ်မ ၈၈ တခုလုံး ထပ်မံထိုးစစ်ဆင် လာမှုကြောင့် တအာင်းဒေသ အတွင်း တိုက်ပွဲပိုမိုပြင်းထန် လာခဲ့ပါသည်။ ယခုမေလ အတွင်းတွင် နစ်ဖက်ထိတွေ့တိုက်ခိုက်မှု ပေါင်း (၂၁)ကြိမ်ရှိပြီး ဖြစ်သည်။ တအာင်းတပ်မတော် တပ်မဟာ(၁)နယ်မြေ ကွတ်ခိုင်မြို့နယ် တပ်မဟာ(၃)နယ်မြေ မန်တုံမြို့နယ်နှင့်မိုးမိတ်မြို့နယ် တပ်မဟာ(၄)နယ်မြေ နမ္မတူမြို့နယ်များတွင် တိုက်ပွဲဖြစ်ပွားပြီး ကွတ်ခိုင်မြို့နယ်တွင်(၁)ကြိမ်၊ မန်တုံမြို့နယ်တွင် (၁၆)ကြိမ်၊ မိုးမိတ်မြို့နယ်တွင်(၁)ကြိမ်၊ နမ္မတူမြို့နယ် တွင် (၁)ကြိမ် ဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း မြန်မာ့တပ်မတော်မှ တအာင်းတပ်မတော်အား လေကြောင်း အသုံးပြုတိုက်ခိုက်မှု (၄)ကြိမ် ပြုလုပ်ခဲ့သည်။




တိုက်ပွဲတွင် နစ်ဖက် ထိခိုက်ကျဆုံးမှု ရှိခဲ့ပြီး မေလ ၁၀ ရက်နေ့ မန်တုံမြို့နယ် နားအော်လေးရွာအနီး တိုက်ပွဲဖြစ်ပွားသည့်နေရာတွင် တအာင်းတပ်မတော်မှ ဝင်ရောက်ရှင်းလင်းစဉ် မြန်မာ့တပ်မတော်၏ အလောင်း ၂ လောင်း A-3 လက်နက်တစ်လက် (၆၀)မမ ဒုံးသီး(၁၁) လုံး၊ RPG ဒုံးသီး ၉ လုံးနှင့် ၄င်းပို့ကျည် M-9 ကျည် (၁၉)လုံး၊ လက်ပစ်ဗုံး (၉)လုံး၊ နင်းမိုင်း (၁၀)လုံး၊ ၄၀မမ ကျည်(၆)လုံး၊ကျည်ဘောက် ၁၂ ခု စက်လတ်ကျည် လက်နက်ငယ် ကျည် အများအပြားနှင့် တယ်လီဖုန်း စသည့် စစ်အသုံးအဆောင် ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပါသည်။

မြန်မာ့တပ်မတော်သည် တပ်မ(၃၃) တပ်မ(၈၈) စကခ(၁) စကခ(၁၆)နှင့် ရမခ လက်အောက်ခံ တပ်ရင်းများဖြင့် အင်အားအလုံးအရင်း အသုံးပြုကာ တအာင်းတပ်မတော်လှုပ်ရှားရာ တောတွင်းအထိ လိုက်လံထိုးစစ်ဆင် တိုက်ခိုက်လာမှုကြောင့်တအာင်း ဒေသအတွင်း တိုက်ပွဲ ပိုမိုပြင်းထန်လာနိုင်သည်။

# TNLAနှင့် RCSSတပ်ဖွဲ့(၃)ရက်ဆက်တိုက်တိုက်ပွဲဖြစ်ပွား တိုက်ပွဲ (၂)ကြိမ် ထပ်မံဖြစ်ပွား

၂၀၁၇ ခုနှစ် မေလ ၁၅ ရက်

တအာင်းဒေသ တပ်မဟာ ၂ နယ်မြေ ကျောက်မဲမြို့နယ်နှင့် နမ့်ဆန်မြို့နယ်၌ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA နှင့် RCSS တပ်ဖွဲ့တို့ ယနေ့ မေလ ၁၅ ရက်နေ့တွင် တိုက်ပွဲ ၂ ကြိမ် ဖြစ်ပွားခဲ့သည်။ညနေ ၁၅း၀၀ နာရီမှ ၁၅း၃၀ နာရီအချိန်ထိ ကျောက်မဲမြို့နယ် တော်ဖဲကျေးရွာအနီးတွင် တအာင်းတပ်မတော် တပ်ရင်း ၂၅၆ နှင့်လည်းကောင်း ညနေ ၁၅း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ နမ့်ဆန်မြို့နယ်နှင့် သီပေါမြို့နယ်အစပ် ရှုနန်းကျေးရွာအနီးတွင် တအာင်းတပ်မတော် တပ်ရင်း ၄၃၄ နှင့်လည်းကောင်း နစ်ဖက်ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

တအာင်းဒေသသို့RCSSတပ်ဖွဲ့ဝင်များထပ်မံကျူးကျော်ဝင်ရောက်လာပြီးတအာင်းကျေးရွာများတွင်လူ့အခွင့်အရေးချိုးဖောက်မှုပြုလုပ်လာခြင်းနှင့်အတူ ဆက်ကြေးကောက်ခံခြင်း လည်းပြုလုပ်လာခဲ့သည်။ ယနေ့လည်း နမ့်ဆန် - ပန်လုံ - လားရှိုး လမ်းမပေါ်ရှိ ရေအိုးကျေးရွာတွင် ခရီးသွားပြည်သူများအား ဖမ်းဆီးစစ်ဆေးခြင်း ကားသမားများထံ ဆက်ကြေးကောက်ခံ ခြင်းများပြုလုပ်ခဲ့သည်။



